မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၁ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၀၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဗုဒ္ဓဂုဏ်တော်နှင့် ဒေသနာတော်များ ပွားများ

ဗုဒ္ဓဂယာရှိ အပရာဇိတ ရွှေပလ္လင်နှင့် ဗောဓိပင်ရှေ့၌ အပူဇော်ခံထားရှိသည့် ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့က ရွှေကြာသင်္ကန်း၊ အရဟံဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်း၊ ဆီမီးနှင့် နံ့သာတိုင်များ ကပ်လှူပူဇော်ကြပြီး ဗုဒ္ဓဂုဏ်တော်နှင့် ဒေသနာတော်များကို ပွားများကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်

ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်အား ရွှေကြာသင်္ကန်း ကပ်လှူပူဇော် မိဂဒါဝုန်ရှိ ဓမ္မစကြာတရားဦးဟောတော်မူရာဌာနအား ဖူးမျှော်ကြည်ညို

နေပြည်တော် ဇူလိုင် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်၂၆ရက် နံနက်ပိုင်းတွင် ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်အား ရွှေသင်္ကန်းနှင့် ရွှေကြာသင်္ကန်းတို့ကို ကပ်လှူပူဇော်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ဗာရာဏသီပြည်နယ်မှ Divisional Commissioner Mr. Ajay Kumar Upadhaya နှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

(သတင်းစဉ်)

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၁ ရက်)

မြန်မာ-အိန္ဒိယ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတမစ္စစ်ပါရာတီဘာဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ မကြာမီက ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ရေမြေနယ်နိမိတ်ချင်းဆက်စပ်လျက်ရှိပြီး နှစ်ထောင်ပေါင်းများစွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြသော နိုင်ငံများဖြစ်ကြသည်။ အစဉ်အလာအားဖြင့် ချစ်ကြည်ရင်းနှီးကြသည့် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ကြသည်။ နှစ်နိုင်ငံပြည်သူများသည်လည်း နှစ်နိုင်ငံအကြား သမိုင်းကြောင်း၊ ပထဝီအနေအထား၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာဓလေ့ထုံးတမ်းစဉ်လာများ တူညီနီးကပ်မှုများ ရှိခဲ့ကြသည်။

လွတ်လပ်ရေးရရှိခဲ့ကြပြီးနောက် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်အပေါ်အခြေခံပြီး အိမ်နီးချင်းကောင်းပီသစွာ နေထိုင်ဆက်ဆံလာခဲ့ကြပေသည်။ နှစ်နိုင်ငံအကြား အစဉ်အလာအရတည်ရှိသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးများသည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များကြောင့် ပိုမိုခိုင်မြဲစေခဲ့ပြီးနောက် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ ပထဝီအနေအထားနှင့် ယဉ်ကျေးမှုဆက်နွယ်မှုများသည် နှစ်နိုင်ငံရင်းနှီးမှုကို ထပ်လောင်းပံ့ပိုးပေးခဲ့သည်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများသည် ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို မှတ်ကျောက်တင်နိုင်ခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များသည် နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုတိုးတက် ခိုင်မာစေခဲ့သည့်အပြင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုကိုဖော်ဆောင်သည့် ခေတ်သစ်ကို ပေါ်ထွန်းလာစေခဲ့သည်။

ချစ်ကြည်ရေးခရီးစဉ်၏ ရည်ရွယ်ချက်သည် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား တည်ရှိနေသည့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရေး ဖြစ်ရာ အနာဂတ်ကာလတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံအကျိုးစီးပွားကို ပိုမိုတိုးမြှင့်ဖော်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)

၂-၈-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် **(မောရသုတ်+ဝဋ္ဋသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန်+သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၁၀:၀၀ အမှတ်တရတေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ လယ်ယာစီးပွား (ကြက်သွန်ဖြူစိုက်ပျိုးနည်း) တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ မေတို့တွက်တာ အလှကမ္ဘာ (အစက်အပြောက်ကင်းစွာ လှပစေရာ)
၁၁:၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ သိပ္ပံပညာသိကောင်းစရာ (နေကြတ်ခြင်း)
၁၁:၄၀ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၁၂:၁၅ အလုပ်အကိုင်အခွင့်အလမ်း (တပ်မတော်နည်းပညာ တက္ကသိုလ်ဗိုလ်လောင်း)
၁၂:၂၀ တေးပဒေသာ
၁၂:၃၀ အားကစားသတင်းပဒေသာ
၁၂:၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ် (တတိယတန်း-သမိုင်း) တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (ဗိုက်လှုပ်ကခြင်းအကြောင်း)
၁၇:၁၀ ဇာနည်စစ်သည်တေးပန်းချီ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၅ အင်္ဂလိပ်စာသုတပဒေသာ(၁၈) ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ရေဒီယိုဇာတ်လမ်းတွဲများ (ချစ်ခြင်း၏ ပဋ္ဌလက်) (ဇာတ်သိမ်းပိုင်း) တေးပဒေသာ
၁၉:၄၀ ပြုံးပဒေသာ (ရယ်ရတယ်နော်-၂) နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ ချမ်းမြေ့သာယာသီရိဂေဟာ (မေတ္တာအတွေးလေးများ)
၂၀:၃၀ တေးပဒေသာ စီးပွားရေးဦးတည်ချက်
၂၁:၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
၂၁:၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် တေးပဒေသာ
၂၁:၅၉ အဖိတ်နေ့နှိုးဆော်ချက်
၂၂:၀၀ အစီအစဉ်ပြီး၏။

ဝန်ကြီး ဦးခင်မောင်မြင့်အား ဗီယက်နမ်သံအမတ်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Chu Cong Phung နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Tranphu Electric Mechnical Joint Stock Company မှ President Mr. Nguyen Viet Dung နှင့်အဖွဲ့သည် ဇူလိုင် ၂၉ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဝန်ကြီး၏ ညွှန့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လျှပ်စစ်ဓာတ်အားကဏ္ဍ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) (သတင်းစဉ်)

စာကြည့်တိုက် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ မကွေး၌ ကျင်းပ

မကွေး ဇူလိုင် ၃၁

မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် ခရိုင်အတွင်း ခြောက်မြို့နယ်ရှိ မြို့နယ်ရုံး စာကြည့်တိုက်လုပ်ငန်းများ စနစ်တကျရှိစေရန် စာကြည့်တိုက်ကတ်တလောက်လုပ်ငန်းနှင့် စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို ဇူလိုင် ၃၀ရက် နံနက် ၉ နာရီက ခရိုင်ရုံးစာကြည့်တိုက် ခန်းမ၌ ကျင်းပရာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးသန်းဌေးက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

<u>ပြုလုပ်</u>

ထို့နောက် ကတ်တလောက်ရေးသွင်းနည်း၊ စာအုပ်စာစောင်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းနည်း၊ မှတ်သားနည်း၊ လစဉ်စာအုပ်စာစောင်များနှင့် အသင်းဝင်တိုးပွားရေးတို့ကို ဆွေးနွေးခြင်း၊ လက်တွေ့လုပ်ဆောင်ခြင်းပြုလုပ်ကြပြီး ခရိုင်ဦးစီးအရာရှိ ဦးသန်းဌေး၊ နတ်မောက်မြို့နယ်ဦးစီးမှူး ဦးလှရိုက်၊ တောင်တွင်းကြီးမြို့နယ်ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့် ရေနံချောင်းမြို့နယ် ဦးစီးမှူး ဒေါ်ခင်အုန်းမြင့်တို့က လက်တွေ့သရုပ်ပြခြင်း၊ ပြန်လည်ဆွေးနွေးခြင်းများ ပြုလုပ်ကြသည်။

(ခရိုင် ပြန်/ဆက်)

ပုဏ္ဏားကျွန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

ပုဏ္ဏားကျွန်းမြို့နယ်အသင်း (ရန်ကုန်)၏ ဒသမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဇူလိုင် ၁၈ရက်က တာမွေမြို့နယ် တာမွေလေးရပ်ကွက် ဦးဘကျော်လမ်းရှိ စတုဘုမ္မိက ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဘဏ္ဍာရေးမှူးဦးခင်မောင်ရွှေက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်သွင်းပြီး အသင်းဝင်သက်ကြီး အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းတို့ဖြင့် စုပေါင်းပူဇော်ကန်တော့ကြသည်။

ထို့နောက် ၂၀၀၉-၂၀၁၀ပညာသင်နှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပရာ နာယက ဦးရွှေလှက ခြောက်ဘာသာဂုဏ်ထူးရှင် မောင်နိုင်ထူးလင်းအား ဆုချီးမြှင့်ပြီး တာဝန်ရှိသူများက ကျန်ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရေမြောင်းတူးဖော်

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများစုပေါင်း၍ မာန်အောင်ဈေး သန့်ရှင်းရေးနှင့်ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဇူလိုင် ၁၂ရက်က အမှုဆောင်အရာရှိ ဦးတင်ကိုနှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးဝေလင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

1-8 (02).pmd 1 8/1/2010, 2:34 AM

ကပ်လှူပူဇော်

ကုသိနာရုံမြို့ရှိ မဟာပရိနိဗ္ဗာန လျောင်းတော်မူရုပ်ပွားတော်မြတ်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများက ရွှေကြာသင်္ကန်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်အား ညအချိန် ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

ရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်နှင့် ဇနီး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၀နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့သို့ရောက်ရှိသည်။

ခရီးဦးကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသည့် အထူးလေယာဉ်သည် ဂယာလေဆိပ်သို့ ဆိုက်ရောက်သည်နှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန သံတမန်ရေးရာဌာနမှ တာဝန်ခံ Shri Anil K.Sharma တို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr.Villur Sundararajan Seshadri နှင့် ဇနီး၊ Superintendent of Police Mr. Daljeet Singh၊ District Magistrate Mr. Udai Kumar တို့က လေယာဉ်လေ့ကွင်းထိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ပန်းစည်းပေးအပ်

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့အား မြန်မာကလေးငယ်နှစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး၏ ဇနီး ဒေါ်မာမာရှိန်၊ ကိုလ်ကတ္တားမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးစိန်ဦးနှင့် ဇနီး ဒေါ်စန္ဒာလှိုင်၊ သံရုံး၊ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဂယာလေဆိပ်မှ ခေတ္တတည်းခိုမည့် The Royal Residency Hotel သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန သံတမန်ရေးရာဌာနမှ တာဝန်ခံတို့ လိုက်ပါလျက် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ဂယာမြို့မှ ကုသိနာရုံမြို့သို့ရောက်ရှိကြရာ District Commissioner Mr.SBSL Ramdarao နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ မဟာပရိနိဗ္ဗာနစေတီတော်သို့ ရောက်ရှိကြသည်။

ရွှေကြာသင်္ကန်းကပ်လှူ

ယင်းနောက် မဟာပရိနိဗ္ဗာနလျောင်းတော်မူ ရုပ်ပွားတော်မြတ်အား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုက ရွှေကြာသင်္ကန်းကပ်လှူ လွှမ်းခြုံပူဇော်ကြသည်။

ဆက်လက်၍ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကို လှည့်လည်ကြည်ညိုကြပြီး ကုသိနာရုံကျောင်းတိုက်သို့ ရောက်ရှိကြရာ ဒေသခံကျောင်းသား၊ ကျောင်းသူလေးများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုက ကုသိနာရုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိဿရအား ဖူးမြော်ကြည်ညိုကြပြီး ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအတွက် သင်္ကန်းနှင့် ပရိက္ခရာရှစ်ပါး အစရှိသော လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

စာမျက်နှာ ၄ ကော်လံ ၁

1-8 (03).pmd 1 8/1/2010, 2:34 AM

ဖူးမြော်ကြည်ညို

ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဖူးမြော်ကြည်ညိုကြစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ယင်းနောက် ကုသိနာရုံကျောင်းဆရာတော်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဗုဒ္ဓဆင်းတုတော်၊ ဓာတ်တော်နှင့် ဓာတ်တော်ကြုတ်တို့ကို ဓမ္မဒါနအဖြစ် ပေးအပ်ချီးမြှင့်သည်။

ပြန်လည်ရောက်ရှိ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ကုသိနာရုံမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် ဂယာမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပွားများ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ညဦးပိုင်းတွင် ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်သို့ သွားရောက်၍ စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်များ ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓဂုဏ်တော်များနှင့် ဗုဒ္ဓဒေသနာတော်များကို ပွားများကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ည ၉နာရီခွဲတွင် ခေတ္တတည်းခိုသည့် ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲတက်ရောက်

ရန်ကုန် ဇူလိုင် ၃၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ကျိုက်စကိုင်းကျေးရွာ လယ်မြေရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည့် ရန်ကုန်တိုင်း ရေတော်မိုးတော်မိုးစပါးကွင်းပိတ်ပွဲ၊ တိုင်းအဆင့်ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြိုင်ပွဲဝင်ကောက်စိုက်အသင်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက လိုအပ်သည်များ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း၏ ၂၀၁၀-၂၀၁၁ခုနှစ် ရေတော်မိုးတော်မိုးစပါးကွင်းပိတ်ပွဲ အစီရင်ခံစာများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက တိုင်းမှူးထံပေးအပ်ကြပြီး ပြိုင်ပွဲဝင်ကောက်စိုက်လုံမေအသင်းများက ကောက်စိုက်စွမ်းရည် စတင်ယှဉ်ပြိုင်ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကောက်စိုက်စွမ်းရည် ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာနက ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီးများကို လယ်ကွက်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြပြီး ဌာနဆိုင်ရာများနှင့် ကုမ္ပဏီများ၏ ပညာပေးပြခန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လယ်ယာလုပ်ငန်းခွင်သုံး စက်ကိရိယာများ၊ ပိုးသတ်ဆေး၊ မြေဩဇာနှင့် မွေးမြူရေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆုချီးမြှင့်

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ၂၀၀၉-၂၀၁၀ခုနှစ် လယ်ယာကဏ္ဍဘက်စုံစိုက်ပျိုးထုတ်လုပ်မှု မြို့နယ်ထူးချွန်ဆုရ တိုက်ကြီးမြို့နယ်အား ဆုချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက စပါးနှင့်သီးနှံထုတ်လုပ်ရေးဆိုင်ရာ ဆုအသီးသီးရရှိကြသော မြို့နယ်များနှင့် လူပုဂ္ဂိုလ်တို့အား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ဒုတိယနှင့် တတိယဆုရ မြို့နယ်အသင်းများအား ဆုများကို ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ပထမဆုရ တိုက်ကြီးမြို့နယ်အသင်းအား ဆုများချီးမြှင့်သည်။

ပေးအပ်

ထို့နောက် တာဝန်ရှိသူများက ဂုဏ်ပြုဆုရရှိကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့သည် နံနက်၁၁နာရီတွင် မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန်၌ ကျင်းပသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း CDMA -450 မိုဘိုင်းလ်ရေဒီယိုစခန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မိုဘိုင်းလ်ဆက်သွယ်ရေး အင်ဂျင်နီယာချုပ်တို့က CDMA -450 မိုဘိုင်းလ်ရေဒီယိုစခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပက်ဖျန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်အား နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရန်ကုန်တိုင်း တိုင်းမန်နေဂျာက ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် စက်ခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် မြောင်းတကာစက်မှုဇုန်ရှိ ရန်ကုန် ကရောင်းကုမ္ပဏီလီမိတက်၏ သံရည်ကျိုစက်ရုံသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စက်ရုံအတွင်း၌ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ပထမဆုရ တိုက်ကြီး မြို့နယ်အသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၃၁

တရားရုံးချုပ်မှ ဖွင့်လှစ်သော မြို့နယ်တရားသူကြီးများမွမ်းမံသင်တန်း အမှတ်စဉ်(၇) ဆင်းပွဲကို ယနေ့ ညနေ ၃နာရီတွင် တရားရုံးချုပ်(ရန်ကုန်) အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ မြို့နယ်တရားသူကြီးအဆင့် သင်တန်းသား သင်တန်းသူ ၃၉ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

မျိုးဆက်သစ် လူငယ်များ အနာဂတ်နိုင်ငံ့တာဝန် လက်ဆင့်ကမ်း ထမ်းဆောင်နိုင်ရေး အရည်အချင်းရော အရည်အသွေးပါ ပြည့်ဝသည့် ဆရာ ဆရာမများအဖြစ် ကြိုးပမ်းစွမ်းဆောင်

ပညာရေးလုပ်ငန်းတာဝန်များကို အရေးကြီးသည့် အမျိုးသားရေးတာဝန်အဖြစ် ခံယူ

ရန်ကုန် ဇူလိုင် ၃၁

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ရတနာသိဃ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်၊ စာရင်းစစ်ချုပ် ဦးလွန်းမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးဝင်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

မူဝါဒလမ်းစဉ်(၇)ရပ်

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မြဲရေး၊ ပြည်ထောင်စုကြီး အခွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုသည့် အခြေခံအကြောင်းတရားများအပေါ်တွင် အခိုင်အမာ တည်ဆောက်ထားသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက်များချမှတ်ပြီး စီမံကိန်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် နိုင်ငံတော်၏အနာဂတ် ရေရှည်တည်တံ့ခိုင်ခံ့စေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

မွေးထုတ်ပေး

ယနေ့အချိန်အခါမျိုးတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်သွားမည့် အရည်အချင်း၊ အရည်အသွေး ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များအား နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေခံကောင်းများ၊ အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ တိုးတက်ဖြစ်ထွန်းလာစေရန် ပညာရေးကဏ္ဍက ပြုစုပျိုးထောင်မွေးထုတ်ပေးခြင်းသည် ပဓာနကျလျက်ရှိကြောင်း။

ဟန်ချက်ညီညီ

ယခုကဲ့သို့ ချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး၊ နိုင်ငံသားတိုင်း ပညာတတ်မြောက်စေရေးနှင့် အရည်အသွေးမြင့်မားသည့် အသိပညာ၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရေးအတွက် အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍ (၂)ရပ်လုံးအား ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

လေ့ကျင့်သင်ကြား

ယနေ့ အခြေခံပညာကဏ္ဍတွင် အဆင့်မြင့်သင်ရိုးညွှန်းတမ်းများ၊ ခေတ်မီစာတ်ခွဲခန်းများ၊ အီလက်ထရွန်နစ်သင်ထောက်ကူ စာသင်ခန်းများနှင့် ပြည့်စုံနေပြီဖြစ်သကဲ့သို့ အဆင့်မြင့်ပညာကဏ္ဍနှင့် အလိုက်သင့် ချိတ်ဆက်သင်ယူနိုင်စေမည့် ပညာရေးစနစ်သစ်အတွင်း ကျောင်းသား ကျောင်းသူများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးလျက်ရှိနေပြီ ဖြစ်ကြောင်း။

ထို့အပြင် နယ်စွန်နယ်ဖျားဒေသများ အပါအဝင် ကျေးလက်ဒေသများအထိ ပညာရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ ဖော်ဆောင်နိုင်မှသာလျှင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအကြား ဆူကြံ့နိမ့်မြင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များသည်လည်း တဖြည်းဖြည်း ကျဉ်းမြောင်း ပပျောက်သွားစေမည် ဖြစ်ကြောင်း။

ဦးဆောင်စည်းရုံး

ဆရာ ဆရာမများအနေဖြင့် ဆရာနှင့်တပည့်၊ စာသင်ကျောင်းနှင့် ရပ်ရွာ တစ်သားတည်းရှိစေပြီး ရပ်ရွာဖွံ့ဖြိုးရေးတွင် ဦးဆောင်ပါဝင် ဆောင်ရွက်ကြရမည့်အပြင် ယနေ့ကာလ၏ အရေးပါဆုံး လိုအပ်ချက်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအတွက် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး အနှစ်သာရနှင့်အားမာန်၊ နိုင်ငံတော် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၏ အမျိုးသားရေးအဓိပ္ပာယ်တို့ကို ပြည်သူများ စစ်မှန်စွာ သိမြင်ခံယူလာစေရေးအတွက် ဦးဆောင်စည်းရုံးသွားကြရန် မှာကြားလိုကြောင်း။

တည်ဆောက်ပေး

ပညာရေးကဏ္ဍ၏ အဓိကစွမ်းအားစုများဖြစ်သည့် ဆရာ ဆရာမများအနေဖြင့် မျိုးဆက်သစ်လူငယ်များအား ပညာရည်ထူးချွန် ထက်မြက်ရုံသာမက စိတ်ဓာတ်၊ စည်းကမ်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် လေ့ကျင့်ပျိုးထောင်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ကာလ မျိုးဆက်သစ် လူငယ်များအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး အစဉ်ထာဝရ လက်ဆင့်ကမ်း တည်ဆောက်သွားကြရမည့် အမျိုးသားရေး စိတ်ဓာတ်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် အနာဂတ်နိုင်ငံတော်ကို လက်ဆင့်ကမ်းတာဝန် ယူသွားကြရမည့် လူငယ်လူရွယ်များအား စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစေလိုသောစိတ်ဓာတ်၊ နိုင်ငံကြီးသားစိတ်ဓာတ် အစရှိသည့် မြင့်မြတ်သော စိတ်ဓာတ်ရေးရာ အခြေခံကောင်းများကို အစဉ်တစိုက် တည်ဆောက်ပေးနေကြရန် လိုအပ်ကြောင်း။

ပေါင်းစည်းမြှင့်တင်

အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အား ချောမွေ့ညင်သာစွာဖြင့် ကူးပြောင်းတည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအား၊ တစ်မျိုးသားလုံး စည်းကမ်းမြင့်မားမှုစွမ်းအားနှင့် အမျိုးသားပညာရည် မြင့်မားမှုစွမ်းအားများကို ပေါင်းစည်းမြှင့်တင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ကြိုးပမ်းအားထုတ်

ယခုကဲ့သို့ အမျိုးသားရေးစွမ်းအားများကိုပေါင်းစည်းမြှင့်တင်အကောင်အထည်ဖော်ရာ၌ ပဓာနကျသည့် လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပျိုးထောင်နေသော အခြေခံပညာ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ မွန်မြတ်သောပညာရေးဝန်ထမ်းဘဝကို ဂုဏ်ယူမြတ်နိုးမှုနှင့်အတူ ယုံကြည်ချက်၊ ခံယူချက်များ ခိုင်ခိုင်မြဲမြဲထားရှိပြီး စံနမူနာပြ ကြိုးပမ်းအားထုတ်သွားကြရန် အလေးအနက် တိုက်တွန်းလိုကြောင်း။

အမျိုးသားရေးတာဝန်

နိဂုံးချုပ်အနေဖြင့် မြန်မာ့ပညာရေး မျှော်မှန်းချက် ပေါက်မြောက် အောင်မြင်ရေးအတွက် ခိုင်မာသည့် အမျိုးသားရေး ယုံကြည်ချက်၊ ခံယူချက်များ၊ ကျယ်ပြန့်သည့် အမျိုးသားရေးအသိအမြင်၊ စိတ်ဓာတ်ရေးရာအင်အားသစ်များနှင့်အတူ အရည်အချင်းရော အရည်အသွေးပါ ပြည့်ဝသည့် ဆရာ ဆရာမများအဖြစ် ကြိုးပမ်းစွမ်းဆောင်သွားကြရန်၊ မျိုးဆက်သစ် လူငယ်များအနေဖြင့် အနာဂတ်နိုင်ငံ့တာဝန်များကို ကျေကျေပွန်ပွန် လက်ဆင့်ကမ်း ထမ်းဆောင်သွားနိုင်ရေးအတွက် စနစ်တကျ ပြင်ဆင် ပြုစုပျိုးထောင်ပေးလျက်ရှိသည့် ပညာရေးလုပ်ငန်းတာဝန်များကို အရေးကြီးသည့် အမျိုးသားရေးတာဝန်ထမ်းဆောင်နေခြင်းအဖြစ် ခံယူကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားသွားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသားစံပြဆုရ ကသအမှတ် F-၃၄ ဦးအေးကို [အလယ်တန်းပြ အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ)ဝမ်းဘဲအင်း ပဲခူးမြို့နယ် ပဲခူးတိုင်း]၊ သင်တန်းသူစံပြဆုရ ကသအမှတ် B-၁၈၂ ဒေါ်နီလာအောင် [မူလတန်းပြ၊ အမှတ်(၂၆) အခြေခံပညာ မူလတန်းလွန်ကျောင်း မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်း]၊ သင်တန်းသား ခွဲလုံ့လဆုရ ကသအမှတ် F-၁၄၉ ဦးသိန်းဝင်း [မူလတန်းပြ အခြေခံပညာမူလတန်းကျောင်း (ပန်းဘဲတန်း) ပြည်မြို့နယ် ပဲခူးတိုင်း]၊ သင်တန်းသူခွဲလုံ့လဆု(၁)ရ ကသအမှတ် A-၁၆၅ ဒေါ်အေးဝင်း [မူလတန်းပြ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်း] နှင့် သင်တန်းသူ ခွဲလုံ့လဆု(၂)ရ ကသအမှတ် A-၁၁၇ ဒေါ်ဆွေဆွေကြည် [အလယ်တန်းပြ အမှတ်(၂) အခြေခံပညာ မူလတန်းလွန်ကျောင်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်း] တို့အားလည်းကောင်း၊ စံပြအဆောင်ဆုရ အမျိုးသားတပ်ခွဲ(၅) အဆောင် (၃)နှင့် အမျိုးသမီးတပ်ခွဲ (၄) အဆောင်(၁၀)တို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ပြီး တပ်ခွဲအလိုက် သင်တန်းသား သင်တန်းသူ ခေါင်းဆောင်များထံ သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေး မှူး(၁) ကိုယ်စား ပညာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အခြေခံပညာ ဆရာ ဆရာမများ အထူး မွမ်းမံသင်တန်းအမှတ်စဉ်(၇၁) သင်တန်း ဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကျောင်းနေစကလေးများ ယဉ်ကျေးလိမ္မာရေး မင်္ဂလာတောင်ညွန့်၌ ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းနေစကလေးများ ယဉ်ကျေးလိမ္မာရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးထက်မြက်ရေးအတွက် ပုံပြောပြိုင်ပွဲကို အခြေခံပညာမူလတန်းလွန်ကျောင်း အမှတ်(၁၂) မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဇူလိုင် ၂၈ရက် နံနက် ၉နာရီက ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ပညာရေးမှူးဒေါ်ခိုင်ရွှေညွန့်က ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပထမဆုရရှိသွားသော မူလတန်းအဆင့် ကျောင်းသားမောင်အဂ္ဂအားဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

မြန်မာ့ရုပ်မြင်သံကြား

၁-၈-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၁၅ ၇။ အကပြိုင်ပွဲ
- ၈:၂၅ ၈။ **ပြင်ဦးလွင်ခရိုင်အတွက် အခွင့်အရေးကောင်းတစ်ခု ကျောက်အိုးတံတားက သက်သေပြု**
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း၊ မနွမ်းသောမေတ္တာ** (အပိုင်း-၃၀)
- ၁၂:၃၀ ၅။ Golf Magazine(TV)
- ၁၂:၅၀ ၆။ မြန်မာရုပ်ရှင် **မရှိမဖြစ်မိုး** ရဲအောင်၊ စိုးမြတ်သူဇာ (ဒါရိုက်တာ-အောင်မြင့်မြတ်)
- ၁၄:၄၀ ၇။ **နေပြည်တော်တောင်စခန်း ရှင်လန်းဖွယ်နားခိုမယ်** Mount Pleasant Hotel
- ၁၄:၅၀ ၈။ International News

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၂၀ ၃။ အတီးပြိုင်ပွဲ
- ၄:၃၀ ၄။ တေးဂီတအစီအစဉ်
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သချာ်အထူးပြု) (သချာ်)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ တေးဂီတအစီအစဉ်
- ၅:၁၅ ၈။ **မင်းမသိသေးပါဘူးကွာ**
- ၅:၂၅ ၉။ ဆိုကြမယ်ပျော်ကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ကာတွန်းအစီအစဉ် Bug's Adventures (အပိုင်း-၂၂)
- ၆:၃၅ ၁၃။ တစ်မျက်နှာတစ်ကွက်စာ **မေတ္တာလမ်းမှ ခလုတ်လေး** တေဇ၊ မိုးထက်ပိုင်၊ ခိုင်ငြိမ်းငြိမ်းစံ၊ ကြည်နူးနိုင် [ဒါရိုက်တာ-မေတင် (MMG)]
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အတိတ်ရဲ့ပုံရိပ်** (အပိုင်း-၂)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ စည်းလုံးတဲ့မြေ [စန္ဒရားမောင်လှအေးနှင့်အဖွဲ့၊ တေးရေး-မောင်သဲကြည် (မအူပင်)]
- ၁၉။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၄၇)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေဆုံးမြေဆုံး** (အပိုင်း-၈)
- ၂၁။ ရုပ်သံကြယ်ပွင့်များ
- ၂၂။ အစီအစဉ်ပြီး၏။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်းတို့ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်တည်ထောင်သည့် (၈၃) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Gao Tiejun နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်

ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့်(၈၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇူလိုင် ၃၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်းတို့သည် ယမန်နေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၈၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Gao Tiejun နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

တက်ရောက်

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၈၃) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်သံမှူး Senior Colonel Gao Tiejun နှင့် ဇနီး၊ သံရုံးဝန်ထမ်းများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် (၈၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပနေစဉ် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်ဆိုင်ရာ ပြကွက်များဖြင့် တင်ဆက်ပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး၊ စစ်သံမှူး Senior Colonel Gao Tiejun နှင့်ဇနီးတို့က တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၈၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်း စတုတ္ထအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာန ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေး ပွဲစဉ်တွင်(စ) အုပ်စုမှ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၈-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **မောင်ကာလ သောတာပန်တည်ပုံ** တရားတော် (ဆရာတော်အရှင်ဇဝန) (မေတ္တာရှင်)
၆း၄၀ ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမုဆေတော်မှာ
၇း၀၀ MRTV-4 သတင်း
၇း၄၅ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များ ပို့ချကျောင်းပြုလုပ်၊ ဖွင့်ပွဲအခမ်းအနား
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲရတဲ့အချစ်** (အပိုင်း-၆၄)
၈း၃၀ Sports World (Sunday Special)
၈း၅၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ဟတ်ထိတယ်**
၉း၂၀ ရိုးကြီးကျေးရွာ၏ ပညာအလင်းရောင်
၉း၃၀ Sunday Talk [မိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၀း၄၀ လပတ်မိုးလေလသနှင့် ဇလဗေဒခန့်မှန်းချက်
၁၀း၄၅ Activities in The City [မသန်စွမ်းသူများ၁၀မြင့်တင်ရေးအဖွဲ့၏ (၆)နှစ်မြောက်နှစ်ပတ်လည် အခမ်းအနား]
၁၀း၅၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ပလေးသွင်းသန်းနိုင်)
၁၁း၂၀ မြန်မာ့အေးဖက်ဝင်အငှဉ်ဆန်း **တပင်တိုင်မြနန်း**
၁၁း၅၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၀)
၁၂း၁၀ ညောင်ရွှေမြို့၌ကျင်းပသော ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိပဿနာ ဒိန္နဂုဏာမေးပွဲတော်ကြီး
၁၂း၄၀ မိခင်နို့စနစ်တကျတိုက်ကျွေးနည်းနှင့် ဖြည့်စွက်စာ ကျွေးနည်း သိကောင်းစရာများ (ဒေါက်တာသိန်းသိန်းမြင့်)
၁း၀၀ **မောင်ကာလ သောတာပန်တည်ပုံ** တရားတော် (ဆရာတော်အရှင်ဇဝန) (မေတ္တာရှင်)
၁း၄၀ ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမုဆေတော်မှာ
၂း၀၀ MRTV-4 သတင်း
၂း၄၅ စကားနယ်ပန်း (TV ကြည့်တာကောင်းတယ်၊ TV မကြည့်တာကောင်းတယ်)
၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲရတဲ့အချစ်** (အပိုင်း-၆၄)
၄း၁၀ လပတ်မိုးလေလသနှင့် ဇလဗေဒခန့်မှန်းချက်
၄း၁၅ Activities in The City [မသန်စွမ်းသူများ၁၀မြင့်တင်ရေးအဖွဲ့၏ (၆)နှစ်မြောက်နှစ်ပတ်လည် အခမ်းအနား]
၄း၂၅ ရိုးကြီးကျေးရွာ၏ပညာအလင်းရောင်
၄း၃၅ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များ ပို့ချကျောင်းပြုလုပ်၊ ဖွင့်ပွဲအခမ်းအနား
၅း၅၅ မြန်မာ့အေးဖက်ဝင်အငှဉ်ဆန်း **တပင်တိုင်မြနန်း**
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ FMF Selection
၆း၄၅ ဒီဒီယိုပြခန်း
၇း၀၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၁)
၇း၄၅ ရေးဝယ်လမ်းညွှန် ရှားပါးစာအုပ် အရောင်းပွဲတော်
၈း၀၀ MRTV-4 သတင်း
၈း၂၀ စကားနယ်ပန်း (TV ကြည့်တာကောင်းတယ်၊ TV မကြည့်တာကောင်းတယ်)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲရတဲ့အချစ်** (အပိုင်း-၆၄)
၁၀း၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၀)
၁၀း၃၅ ညောင်ရွှေမြို့၌ကျင်းပသော ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိပဿနာ ဒိန္နဂုဏာမေးပွဲတော်ကြီး
၁၁း၀၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ပလေးသွင်းသန်းနိုင်)
၁၁း၁၅ ဗီဒီယိုပြခန်း
၁၁း၂၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဟတ်ထိတယ်**
၁၁း၄၅ **ရွှေမြို့** ဟုခေါ်သည် (အပိုင်း-၁)
၁၂း၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁ း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရှိရိုး VHF တိုင်ဆင်တန်းဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တိုင်ဆင်တန်းဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၃၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အနိုင်ရရှိ

နေပြည်တော်ဘောလုံးအားကစား ပြိုင်ကွင်း၌ (င)အုပ်စုမှ စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့သည် တစ်ဖက်နှစ်ဂိုးစီ သရေကျလည်းကောင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ (စ) အုပ်စုမှ အားကစားဝန်ကြီးဌာန အသင်းက အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး- ဂိုးမရှိဖြင့် လည်းကောင်း၊ နေပြည်တော်လယ်ဝေး ဘောလုံးအားကစား ပြိုင်ကွင်း၌ (စ)အုပ်စုမှ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေး ဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယှဉ်ပြိုင်ကစား

သြဂုတ် ၂ရက် ပွဲစဉ်များ အဖြစ် နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ ဆောက်လုပ်ရေး ဝန်ကြီးဌာန အသင်းနှင့် တရားရုံးချုပ်အသင်း၊ နေပြည်တော် ပေါင်းလောင်း ဘောလုံးအားကစား ပြိုင်ကွင်း၌ (ဆ)အုပ်စုမှ သာသနာရေး ဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာန အသင်း၊ နေပြည်တော်လယ်ဝေး ဘောလုံးအားကစား ပြိုင်ကွင်း၌(ဇ)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနအသင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင် ကိုသစ္စာ-ရေးသားသည်

ခြေနင်းအားဖြင့်မောင်းနှင်နိုင်သည့် ရေငုပ်သင်္ဘော



ခြေနင်းအားဖြင့် မောင်းနှင်သွားလာနိုင်သော ရေငုပ်သင်္ဘောငယ်တစ်စင်းကို ပြင်သစ်နိုင်ငံသား ရှိအက်ဒန်က တီထွင်ထုတ်လုပ်လိုက်ပြီး လက်တွေ့ မောင်းနှင် စမ်းသပ်ပြသမှုလည်း ပြုလုပ်ခဲ့သည်။

ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်း ကမ်းလွန်ရေအောက်၌ အဆိုပါအင်ဂျင်မဲ့ ခြေနင်းအားဖြင့် မောင်းနှင်နိုင်သည့် ရေငုပ် သင်္ဘောငယ်ကို စမ်းသပ်မောင်းနှင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

အဆိုပါ ရေငုပ်သင်္ဘောငယ်သည် တစ်ဦးတည်း စီးနင်းမောင်းနှင်နိုင်သည်။ ကိုယ်ထည်ကို ဖိုင်ဘာအမျှင်များ၊ ဖိုင်ဘာ မှန်များဖြင့် တပ်ဆင်ပြုလုပ်ထားသည်။ ထို့ကြောင့် ဖိုင်ဘာအမျှင်များဖြင့် ပြုလုပ်ထားခြင်း မှာ နိုင်ခံ့မှုနှင့် ပေါ့ပါးစွာ ရွေ့လျားနိုင်စေမှုတို့ကြောင့်ဖြစ်သည်။

ခြေနင်းရေငုပ်သင်္ဘောငယ်လေး၏ အရှည်အားမှာ အရှည် ၁၆ပေခန့်ရှိပြီး တစ်နာရီလျှင် ၆ဒသမ ၂ ဖိုင်နန့်ဖြင့် ရေအောက်၌ မောင်းနှင်သွားလာနိုင်သည်။ ၎င်းရေငုပ်သင်္ဘောငယ်ကို မကြာမီကျင်းပမည့် နိုင်ငံတကာ ရေငုပ်သင်္ဘောပြိုင်ပွဲ၌ ဝင်ရောက်ပြသမည်ဖြစ်သည်။

(အင်တာနက်)

စစ်တွေတက္ကသိုလ် အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်ဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၃၁

ရခိုင်ပြည်နယ် စစ်တွေတက္ကသိုလ် အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင်၂၄ရက်က စစ်တွေမြို့ ဝေသာလီရင်ပြင်အားကစားကွင်း၌ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်းတပ်ဖွဲ့မှူးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်တွေတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြပြီး ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် တာဝန်ရှိသူတို့က ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပထမဆုရရှိသော အမျိုးသားဘောလုံးအသင်းနှင့် အမျိုးသမီးဘောလုံးအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဦးဌေးဦးအား

ကိုရီးယားသမ္မတနိုင်ငံ ညှိသည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦးအား ကိုရီးယားသမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံအုပ်ချုပ်ရေးဌာန (Rural Development Administration - RDA) မှ Deputy Administrator Dr. Kang Song Jo ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၈ရက် မွန်းတည့် ၁၂နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကျန်းမာရေးဝန်ကြီးဌာန ကူးစက်မြန် ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကူးစက်မြန်ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်း ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၃၁

ကျန်းမာရေးဝန်ကြီးဌာန ကူးစက်မြန်ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၉ရက် နံနက် ၉နာရီက နေပြည်တော်ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းရေး အဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီအတွင်းရေးမှူး၊ ကူးစက်ရောဂါတိုက်ဖျက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပွင့်ပွင့်လင်းလင်း

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားရာ၌ ကူးစက်မြန်ရောဂါဖြစ်ပွားမှုများနှင့် စပ်လျဉ်း၍ SARS ရောဂါဖြစ်ပွားစဉ်က အတွေ့အကြုံများအပေါ်မူတည်၍ ယခုဖြစ်ပွားလျက်ရှိသော ကြက်ငှက်တုပ်ကွေးရောဂါ၊ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါများ ကာကွယ်နှိမ်နင်းရာတွင် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်၍မရဘဲ ဝန်ကြီးဌာနများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှင့် စပ်လျဉ်း၍လည်း ရောဂါဖြစ်ပွားမှုအခြေအနေ အသေးစိတ်ကို သိရှိနိုင်ရန် ယခုအစည်းအဝေးကို ခေါ်ယူကျင်းပရခြင်းဖြစ်ရာ တက်ရောက်လာသူများက သက်ဆိုင်ရာရောဂါများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကျော်ဆန်းက ကြက်ငှက်တုပ်ကွေးရောဂါ Avian Influenza (H5N1) ကာကွယ်နှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာစိုးလွင်ငြိမ်းက ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး(ကူးစက်)ဒေါက်တာသန်းထိန်ဝင်းက ပလိပ်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး (သွေးလွန်တုပ်ကွေး) ဒေါက်တာနီနီအေးက သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူ ညွှန်ကြားရေးမှူးချုပ်များနှင့် ဧည့်သည်တော်များက တင်ပြချက်များအပေါ် မေးမြန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲ ကလောမြို့နယ်၌ ကျင်းပ

ကလော ဇူလိုင် ၃၁

ကလောမြို့နယ် ၂၀၁၀ခုနှစ် ဒုတိယအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၀ရက် နံနက် ၇နာရီက အင်ပြင်းကျေးရွာ ဖိုးသူတော်ရေထွက်အနီးရှာငယ်ကျင်းတောင်ကုန်းပေါ်၌ ကျင်းပရာ စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးနှင်းအောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းရွက်ဆိုင်နှင့် သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် ကျေးလက်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက ထင်းရှူး၊ ယူကလစ်၊ ခါတော်မီ၊ ရေသင်းဝင်နှင့် ပင်စိမ်းပင် စုစုပေါင်းအပင် ၁၅၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းဆွေးနွေး

စိုက်ပျိုးပွဲ မစတင်မီ ကလောမြို့နယ် သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးစိုင်းရွက်ဆိုင်က စနစ်တကျ စိုက်ပျိုးပုံနည်းစနစ်များနှင့် ဆက်လက် ထိန်းသိမ်းဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးထောင်မှု

ရေတာရှည်မြို့နယ်၌ သရုပ်ပြ

ရေတာရှည် ဇူလိုင် ၃၁

တောင်ငူခရိုင် ရေတာရှည်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးပေါင်စနစ်သရုပ်ပြသပွဲကို ဇူလိုင် ၂၅ရက် နံနက် ၆နာရီက နတ်တောင်အုပ်စု တောင်သူဦးထွန်းလှ၏ လယ်မြေခုနစ်ဧက၌ ကျင်းပသည်။

စိုက်ပျိုး

အဆိုပါ သရုပ်ပြပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် အဖွဲ့များ၊ မြို့နယ်မန်နေဂျာ ဦးတင်ဝင်းနှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ကြသည်။ ထို့နောက် မြို့နယ်မန်နေဂျာက မျိုးကောင်းမျိုးသန့် သုံးစွဲစိုက်ပျိုးရေး၊ ယူရီးယား(ပုလဲ)နှင့် သဘာဝ မြေဩဇာ ၁း၃ရောစပ်သုံးစွဲရေး စပါးပန်းဖြိုင်ဖြိုင်ပွင့်ချိန်တွင် လက်ချား(ဘိုဂွန်) သုံးစွဲရေးနှင့် ပလတ်စတစ်ဆန်ခါပိုက်ပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်မှု၏ အကျိုးသက်ရောက်မှုများကို တောင်သူများအား ပညာပေးဆွေးနွေးပြီး လက်တွေ့ပြသသည်။ ၂၀၁၀-၂၀၁၁ခုနှစ်တွင် ရေတာရှည်မြို့နယ်၌ မိုးစပါး ဧက ၈၃၂၀၀စိုက်ပျိုးမည်ဖြစ်၍ ၅၉၉၃၈ဧက (၇၂ရာခိုင်နှုန်း) စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်

မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် ဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ပစ္စည်းကိရိယာများထားရှိမှု၊ လျှပ်စစ်ဝိုင်ယာကြိုးများစနစ်တကျသွယ်တန်းထားရှိမှု၊ မီးသတ်ဆေးဘူး၊ မီးချိတ် မီးကပ်၊ လှေကား၊ သဲပုံး၊ ရေပုံးများပါ မီးသတ်စင်များထားရှိမှုနှင့် မီးသတ်ရေကန်များရေဖြည့်တင်းထားရှိမှုကို ဇူလိုင် ၇ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်နိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

News Watch (စောင့်ကြည့်)ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇူလိုင် ၃၁

FEC နှင့် အမေရိကန်ဒေါ်လာဈေးနှုန်းကွာဟမှုမြင့်မားခြင်းအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သုံးသပ်ပြောကြား၊ ဒေါ်လာဈေးနှုန်းတက်လာသော်လည်း ရွှေဈေးနှုန်း မပြောင်းလဲ၊ ဆေးမကုသမီ စပေါ်ငွေပေးဆောင်ရသောစနစ်အသုံးများလာ၊ စည်းကမ်း ဖောက်ဖျက်သည့် ယာဉ်လိုင်းများမှ တာဝန်ရှိသူများကို အရေးယူမည်၊ မြို့နယ် ၄၀တွင် အခြေခံပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ တိုးချဲ့မည်၊ လူတစ်ထောင်လျှင် တယ်လီဖုန်းသုံးစွဲသူ ၃၇ ဒသမ ၇၈ရာခိုင်နှုန်းရှိလာ၊ ဗီယက်နမ်နိုင်ငံ လေ့လာရေးအဖွဲ့နှင့် ငါးလုပ်ငန်းအဖွဲ့ချုပ် လက်မှတ်ရေးထိုးရန်ရှိ၊ ခေတ်၊စနစ်တွေပြောင်းနေသော်လည်း တောင်ပြုန်းမင်းနှစ်ပါးပွဲတော်သို့ ပန်းဆက်သူများ နှစ်စဉ်စည်ကားနေဆဲ၊ ကုန်သွယ်ရေကြောင်းအရာရှိ ရွေးချယ်ခြင်းနှင့် စပ်လျဉ်း၍ တိုင်ကြားနိုင်ပြီ၊ အရောင်းအေးနေတဲ့ ဘေထုပ်ဈေးကွက်၊ ဆန်ချောထက် ဆန်ကြမ်းရောင်းအားပိုကောင်း၊ ယာဉ်လိုင်းများ၌ ပြန်အမ်းငွေ ပြေလည်စေရန် တစ်လလျှင် ကျပ်သိန်း ၄၀လဲလှယ်ပေး၊ လျှပ်စစ်မီး တိုးမြှင့်ရရှိမှုကြောင့် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်အသက်ဝင်လာ၊ ယာဉ်လိုင်းတချို့ ခရီးစဉ်အဆုံးမပြေးဆွဲသောကြောင့် ခရီးသည်များအခက်တွေ့နေ၊ ဘဝဆိုတာ စစ်တိုက် နေရသလိုပဲလို့ ပြောခဲ့တဲ့ ပတ်ရှန်းဟ၊ လီဂျွန်ကီးရဲ့ အံ့ဩစရာ တွေနဲ့ ပြည့်ခဲ့ရသော ခွဲခွာခြင်း၊ အီးယူ အရေးယူပိတ်ဆို့အသစ်များ အီရန်အာခံပြီ၊ ဂျပန်ပင်လယ်ပြင်၌ အမေရိကန်-တောင်ကိုရီးယားစစ်ရေးလေ့ကျင့်မှုများ ဆက်လက်ပြုလုပ်.... စသည့် ဖြစ်ပေါ်ပြောင်းလဲနေသော ကမ္ဘာ့အရေး၊ မြန်မာ့အရေး သတင်းများကို ဝေဝေဆာဆာဖြင့် News Watch (စောင့်ကြည့်)ဂျာနယ်ကို ထုတ်ဝေလိုက်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုက ဗုဒ္ဓဂယာ မြန်မာကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အတွက်နှင့် ဗုဒ္ဓဂယာ သာသနာ့ နဂ္ဂဟ အသင်းနှင့် အိန္ဒိယ သမ္မတနိုင်ငံရှိ မြန်မာ ဘုန်းတော်ကြီး ကျောင်း၂၂ကျောင်း တို့အတွက် အလှူငွေများ လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ပဌမသတ္တာဟ ဗောဓိပင်နှင့် ရွှေပလ္လင်

ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ ပဌမ သတ္တာဟ ဗောဓိပင်နှင့် ရွှေပလ္လင်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

* *ရှေ့ဖုံးမှ*

ရောက်ရှိ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့်ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ နံနက် ၅နာရီ ၁၀မိနစ်တွင် ဂယာမြို့ရှိ ခေတ္တတည်းခိုသည့် ဟိုတယ်မှ ဗုဒ္ဓဂယာရှိ သီရိဓမ္မာသောက မင်းကြီး စတင်တည်ထားခဲ့သော မဟာဗောဓိစေတီတော်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား အရုဏ်ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်း၊ ဆီမီးနှင့် နံ့သာတိုင်များ ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုကြသည်။

ကပ်လှူပူဇော်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာဗောဓိစေတီတော်ရှိ ရုပ်ပွားတော်မြတ်အား ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဗုဒ္ဓဂယာ ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီသို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့က အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် အပရာဇိတ ရွှေပလ္လင်နှင့်ဗောဓိပင်ရှေ့၌ အပူဇော်ခံထားရှိသည့် ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်အား ရွှေကြာသင်္ကန်း၊ အရုဏ်ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်း၊ ဆီမီးနှင့် နံ့သာတိုင်များ ကပ်လှူပူဇော်ကြပြီး ဗုဒ္ဓဂုဏ်တော်နှင့် ဗုဒ္ဓဒေသနာတော်များကို ပွားများကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဂေါတမမြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူခဲ့သည့် နေရာဖြစ်သော အပရာဇိတရွှေပလ္လင်နှင့် ဗောဓိပင်သို့ရောက်ရှိပြီး ရွှေကြာသင်္ကန်း ကပ်လှူ၍ ညောင်ရေသွန်းလောင်း ပူဇော်ကာ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာဗောဓိစေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြည်ညိုကြသည်။

အာဟာရဒါနပြု

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ သတ္တာဟခုနစ်ဌာနသို့ လှည့်လည်ကြည်ညိုကြပြီး မုစ္စလိန္ဒာအိုင်အတွင်းရှိ ငါးသတ္တဝါများအား အာဟာရဒါနပြုကြသည်။

ပဉ္စမသတ္တာဟ အဇပါလနိဂြောဓ

မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ ပဉ္စမသတ္တာဟ အဇပါလနိဂြောဓ (ဆိတ်ကျောင်းညောင်ပင်)အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ဆဋ္ဌမ သတ္တာဟ မုစ္စလိန္ဒာအိုင်

မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ ဆဋ္ဌမ သတ္တာဟ မုစ္စလိန္ဒာအိုင်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

တတိယသတ္တာဟ ရတနာစင်္ကြံတော်

မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ တတိယ သတ္တာဟ ရတနာစင်္ကြံတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ဓမ္မလက်ဆောင်ပေးအပ်

ထို့နောက် ဗုဒ္ဓဂယာထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီရုံးသို့ ရောက်ရှိကြရာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ဗုဒ္ဓဂယာထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက မဟာဗောဓိစေတီတော် ပုံတူ၊ ကော်မတီက ထုတ်ဝေသည့် စာအုပ်များနှင့် ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်တစ်ဆူတို့ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်ကြသည်။

မှတ်တမ်းတင်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သည်ဗုဒ္ဓဂယာထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။



ဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ ပထမ
ရွှေပလ္လင်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားတော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော်ထံ သင်္ကန်း၊ ပရိက္ခရာနှင့် အလှူငွေများကို ဆက်ကပ် လှူဒါန်းကြသည်။

အလှူငွေများလှူဒါန်း

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဝန်ကြီးများက ဆရာတော်၊ သံဃာတော်များထံ သင်္ကန်း၊ ပရိက္ခရာနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ဒုတိယသတ္တာဟ အနိမိသစေတီတော်

မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ ဒုတိယသတ္တာဟ အနိမိသစေတီတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ရေစက်သွန်းချ

ယင်းနောက် ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော်ထံမှ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့ အမှူးပြုသော ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ တတိယ သတ္တာဟ ရတနာစင်္ကြံတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

စတုတ္ထသတ္တာဟ ရတနာဃရရွှေအိမ်တော်

မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ စတုတ္ထသတ္တာဟ ရတနာဃရရွှေအိမ်တော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မဟာဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ထပ်မံဖူးမြော်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဂယာမြို့ရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းသို့ ရောက်ရှိကြပြီး ဗုဒ္ဓဂယာ မြန်မာကျောင်းအပါအဝင် အိန္ဒိယသမ္မတနိုင်ငံရှိ ဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းတို့အတွက် သင်္ကန်း၊ ပရိက္ခရာ ရှစ်ပါးနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

တရားတော်နာယူ

ထို့နောက် ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ

ဓမ္မလက်ဆောင်ပေးအပ်

ထို့နောက် ဗုဒ္ဓဂယာထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီရုံးသို့ ရောက်ရှိကြရာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ဗုဒ္ဓဂယာထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက မဟာဗောဓိစေတီတော် ပုံတူ၊ ကော်မတီက ထုတ်ဝေသည့် စာအုပ်များနှင့် ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်တစ်ဆူတို့ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်ကြသည်။

မှတ်တမ်းတင်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသည် ဗုဒ္ဓဂယာထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

မဟာဗောဓိစေတီတော်

ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

သတ္တမသတ္တာဟ ရာဇာယတန လင်းလွန်းပင်

မဟာဗောဓိ စေတီတော် ပရိဝုဏ်အတွင်းရှိ သတ္တမသတ္တာဟ ရာဇာယတန လင်းလွန်းပင်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုက ဗုဒ္ဓဂယာ မြန်မာကျောင်း ကျောင်းဆောင်သစ်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

အလှူငွေများ လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့က ဗုဒ္ဓဂယာ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီသို့ အလှူငွေများ လှူဒါန်းကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ဆောက်လုပ်ရန်အတွက် လည်းကောင်း၊ ဗုဒ္ဓဂယာ သာသနာ့နုဂ္ဂဟအသင်းနှင့် အိန္ဒိယသမ္မတနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းအတွက် အလှူငွေများကို လှူဒါန်းခဲ့ကြသည်။

လှူဒါန်း

ထို့အတူ နိုင်ငံတော်အကြီးအကဲ၏ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် လုပ်ငန်းရှင်များကလည်း ဗုဒ္ဓဂယာ မြန်မာကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန်နှင့်ဗုဒ္ဓဂယာသာသနာ့နုဂ္ဂဟအသင်းအတွက် အလှူငွေများကို လှူဒါန်းခဲ့ကြသည်။

အခမ်းအနား အပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အိန္ဒိယလေကြောင်း အထူးလေယာဉ်ဖြင့် ဂယာမြို့မှ ဗာရာဏသီမြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား ဗာရာဏသီပြည်နယ်မှ Divisional Commissioner Mr.Ajay Kumar Upadhaya နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မိဂဒါဝုန်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး ဂေါတမမြတ်စွာဘုရား ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောကြားတော်မူခဲ့ရာဌာနကို ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား ဗာရာဏသီမြို့ရှိ မိဂဒါဝုန် မြန်မာကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏဓဇက ဓမ္မစကြာတရားဦး ဟောတော်မူခဲ့သည့်နေရာ၌ စေတီတော်တည်ရှိခဲ့သည့် အခြေအနေများကို ရှင်းလင်းမိန့်ကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဓမ္မေခစေတီတော်ကို ရွှေကြာသင်္ကန်း ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် မိဂဒါဝုန် မြန်မာကျောင်းဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ကြိုဆိုနှုတ်ဆက်

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် အိန္ဒိယလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ဗာရာဏသီမြို့မှ နယူးဒေလီမြို့သို့ ရောက်ရှိကြရာ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ Minister of State Mrs.Prenut Kaur နှင့်တာဝန်ရှိသူများက ပလန်လေတပ်စခန်းဌာနချုပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ရောက်ရှိ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ITC Maurya Hotel သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မိဂဒါဝုန်ရှိ ဂေါတမမြတ်စွာဘုရား ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားဦး ဟောကြားတော်မူခဲ့ရာဌာနကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ကျောင်းဆောင်သစ် ဆောက်ရန်ငွေလှူ

နိုင်ငံတော် အကြီးအကဲ၏ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် လုပ်ငန်းရှင်များက ဗုဒ္ဓဂယာ မြန်မာကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန်နှင့် ဗုဒ္ဓဂယာ သာသနာ့ နုဂ္ဂဟအသင်းအတွက် အလှူငွေများ လှူဒါန်းကြစဉ်။

(သတင်းစဉ်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ယီမင်ငါးဖမ်းသင်္ဘော ပြန်ပေးဆွဲခံရ

ယီမင်နိုင်ငံကမ်းလွန်တွင် ငါးဖမ်းသမား ၂၆ဦးပါရှိသော ငါးဖမ်းသင်္ဘောတစ်စင်းကို ဇူလိုင် ၃၁ရက်တွင် ပင်လယ်ဓားပြများက အပိုင်စီးသွားခဲ့ကြောင်း ယီမင်ပြည်ထဲရေးဝန်ကြီးဌာနက ဇူလိုင် ၃၁ရက်၌ သတင်းထုတ်ပြန်သည်။

နီပေါအနောက်ပိုင်း၌ ဝမ်းရောဂါများဖြစ်ပွားနေ

နီပေါနိုင်ငံအနောက်ပိုင်း နီပေါဂန်အရပ်ဒေသတွင် ဝမ်းရောဂါဖြစ်ပွားလျက်ရှိရာ ရောဂါဖြစ်ပွားသူ ၁၅၀ခန့်ရှိပြီး လေးဦးသေဆုံးခဲ့ကြောင်း၊ရောဂါဟန့်တား ကာကွယ်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း နီပေါအရာရှိများက ဇူလိုင် ၃၁ရက်၌ သတင်းထုတ်ပြန်သည်။

အစ္စရေးလေယာဉ်များ ဂါဇာမြို့ကို ထပ်မံတိုက်ခိုက်

အစ္စရေးတိုက်လေယာဉ်များက ပါလက်စတိုင်းနိုင်ငံ ဂါဇာမြို့ကို ဇူလိုင် ၃၁ရက် ညပိုင်းက ဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ ပါလက်စတိုင်းအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

အီရန်အရှေ့မြောက်ပိုင်း၌ လျှော်လျှပ်

အီရန်အရှေ့မြောက်ပိုင်း ခိုရာဆန်ရာဇာဗီပြည်နယ်တွင် ဇူလိုင် ၃၁ရက်က ရစ်ချ်တာစကေး ၅ ဒသမ၇ရှိ လျှော်လျှပ်ခဲ့ရာ ဓာတ်အားလိုင်းများပြတ်ကျပြီး နေအိမ်အချို့ ပျက်စီးကာ ဒေသခံ ၁၁၀ခန့်ဒဏ်ရာရရှိခဲ့ကြောင်း အီရန်အရာရှိများက ပြောကြားသည်။

ပေကျင်းလေဆိပ်၌ လေယာဉ်တစ်စင်းမီးလောင်

တရုတ်နိုင်ငံ ပေကျင်းနိုင်ငံတကာလေဆိပ်၌ ဇူလိုင် ၃၁ရက်က စင်းလုံးငှား လေယာဉ်တစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ လေဆိပ်လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

တရုတ်အရှေ့မြောက်ပိုင်း၌ ရေကာတာပြိုကျ

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း၌ ဆွမ်ဟွာမြစ်ရေလျှံမှုကြောင့် ရေကာတာတစ်ခု ပြိုကျခဲ့ရာ နေအိမ်များပျက်စီးပြီး အချို့မျောပါသွားခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။

လော့စ်အိန်ဂျလိစ်၌ ဗုံးတစ်လုံးထပ်မံပေါက်ကွဲ

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တောင်ပိုင်းတွင် ဇူလိုင် ၃၁ရက်က နောက်ထပ်ဗုံးတစ်လုံး ထပ်မံပေါက်ကွဲရာ တစ်ဦးသေဆုံးပြီး လူအချို့ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စပိန်တောင်ပိုင်း၌ နှင်းများထူထပ်စွာကျဆင်း

စပိန်နိုင်ငံ တောင်ပိုင်းဒေသများတွင် ဇူလိုင် ၃၁ရက် နံနက်က နှင်းများထူထပ်သိပ်သည်းစွာကျဆင်းခဲ့ရာ အချို့နေရာများတွင် ဆီးနှင်းထု တစ်ပေအထိ ရှိခဲ့ကြောင်း စပိန်အရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှား၌ မိုးသည်းထန်စွာရွာသွန်း

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ် တောင်ပိုင်းတွင် ဇူလိုင် ၃၁ရက်က မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပေါ်လျက်ရှိရာ ဒေသခံများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေရကြောင်း သတင်းထုတ်ပြန်သည်။ ။ (အင်တာနက်)

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ရဲတပ်ဖွဲ့လုပ်ငန်းညှိနှိုင်း အစည်းအဝေးတက်ရောက်

နေပြည်တော် ဇူလိုင် ၃၁

မန္တလေးတိုင်း ရဲတပ်ဖွဲ့လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၈ရက် နံနက်ပိုင်းက တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှူးများနှင့် စခန်းမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွန်ကရစ်လမ်းခင်းနေမှုနှင့် ရေစီးရေလာကောင်းမွန်ရေး ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံမြောက်-အရှေ့ရပ်ကွက်ရှိ ဘောဂလမ်း အဆင့်မြှင့်ရေးအတွက် ကွန်ကရစ်လမ်းချောခင်းကျင်းနေမှု၊ အရှေ့မြို့ပတ်လမ်းရှိ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားဖြင့် တိုးချဲ့တူးဖော်ဖောက်လုပ်နေမှု၊ အမှိုက်သရိုက်နှင့် နုန်းများဆယ်ယူ ရှင်းလင်းနေမှုနှင့် ရေစီးရေလာအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) (သတင်းစဉ်)

ကျောင်းပြင်ပ မူလတန်းပညာရေးသင်တန်း လပွတ္တာမြို့နယ်၌ဖွင့်

လပွတ္တာ ဇူလိုင် ၃၁

ဧရာဝတီတိုင်း လပွတ္တာခရိုင် လပွတ္တာမြို့နယ်အတွင်း၌ ပညာရေးဝန်ကြီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ရက် နံနက် ၉နာရီက လပွတ္တာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းဝင်း၊ အမှတ်(၁)အခြေခံပညာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ တိုင်းပညာရေးမှူး ဦးစောစံယဉ်တို့က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးခင်မောင်မြင့်က သင်တန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ လူမှုရေးအသင်းအဖွဲ့များက အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဆုချီးမြှင့်

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ခိုင်ဦးက အခြေစိုက်စခန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများကို တာဝန်ပေးအပ်လွှာများ ပေးအပ်ခဲ့ပြီး ၂၀၀၉-၂၀၁၀ပညာသင်နှစ်အတွက် သင်တန်းစခန်းအလိုက် ထူးချွန်ဆုရရှိသူများကို ဆုချီးမြှင့်သည်။ (မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁-၈-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ ဆရာတော်ကြီး၏စေတနာ လူငယ်များအတွက်ဗုဒ္ဓဘာသာ
- ၇း၂၅ ၄။ ဓမ္မပူဇာတေး
- ၇း၃၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၃၀ ၄။ ကာတွန်းအစီအစဉ် **အမြွှာစုံထောက်**(အပိုင်း-၂၆)
- ၁၁း၃၅ ၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်ပွင့်များရဲ့ကောင်းကင်**
- ၁၂း၃၀ ၆။ ကျန်းမာသုတ
- ၁၄း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၅၇)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄း၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၀။ ဘဝကြေးမုံ **မိန်းမတစ်ယောက်ရဲ့သံသယ** မိုးထက်ပိုင်၊ နဒီဝင့်နိုင်၊ ပွင့်နဒီမောင် [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
- ၆း၅၀ ၁၁။ ဂင်းနက်စ် ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၅၃)
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ နိုင်ငံတကာသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေး တေးကဗျာ
- ၁၇။ ကျန်းမာသုတ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ဒဏ္ဍာရီ** (ဇာတ်သိမ်းပိုင်း)
- ၂၁။ **လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၁၅)

ပြည်နယ်နှင့်တိုင်း ၁၄ခုသို့ စက်ဘီးဖြင့် သွားရောက်ခဲ့သူ စက်ဘီးအားကစားဝါသနာရှင် သုံးဦးအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

ပြည်နယ်နှင့်တိုင်း ၁၄ခုသို့ စက်ဘီးဖြင့် သွားရောက်ခဲ့သူ စက်ဘီးအားကစားဝါသနာရှင်သုံးဦးတို့အား ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ စက်ဘီးလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား အထွေထွေအတွင်းရေးမှူး ဦးရှိုင်းသာဌေးက ဂုဏ်ပြုစကားပြောကြားပြီး ပြည်နယ်နှင့်တိုင်း၁၄ခုသို့ စက်ဘီးဖြင့်သွားရောက်ခဲ့သူ အဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးသီးလှိုင်က စက်ဘီးဖြင့် သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြသန်းထိုက်နှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဒေါ်မြင့်ဝေဝေတို့က စက်ဘီးအားကစားဝါသနာရှင်များအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးရှိုင်းသာဌေးက ပြည်နယ်နှင့်တိုင်း ၁၄ခုသို့ စက်ဘီးဖြင့် သွားရောက်ခဲ့ကြသော ဦးသီးလှိုင်၊ ဦးဇော်မင်းဦးနှင့် ဦးအောင်နိုင်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း **(အပေါ်ပုံ)**၊ အဆိုပါ စက်ဘီးအားကစားဝါသနာရှင် သုံးဦးအနက် ဦးသီးလှိုင်မှာ အသက်၈၀ ရှိပြီဖြစ်သော်လည်း စက်ဘီးအားကစားကို နှစ်ခြိုက်သူ တစ်ဦးဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ကြီးကြပ်ဆောင်ရွက်

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဘလောက်ညောင်ဝိုင်းကျေးရွာ မြေသားရေကန်တူးဖော်နေမှုကို ဇွန် ၂၄ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဆစ်ဒနီမြို့၌ မြူများကျဆင်း လေယာဉ်ခရီးစဉ်များ ရွှေ့ဆိုင်းထားရ

ဆစ်ဒနီ ဇူလိုင် ၃၁

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နှင့် ဘရစ်ဘိန်းမြို့များတွင် ဇူလိုင် ၃၀ရက်က မြူနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းနေသဖြင့် မော်တော်ယာဉ်နှင့် လေကြောင်းခရီးများ သွားလာရေး အခက်အခဲကြုံတွေ့နေရကြောင်း ဩစတြေးလျအရာရှိများက ပြောကြားသည်။

ရွှေ့ဆိုင်း

မြူနှင်းများ ထူထပ်သိပ်သည်းနေမှုကြောင့် ဆစ်ဒနီမြို့နှင့် မဲလ်ဘုန်းမြို့သို့ ပျံသန်းမည့်လေယာဉ်ခရီးစဉ်များ ရွှေ့ဆိုင်းခဲ့ရသည်။ ထို့အတူ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှ ဩစတြေးလျနိုင်ငံ ဘရစ်ဘိန်းမြို့သို့ ပျံသန်းမည့်လေယာဉ်ခရီးစဉ်များလည်း ရွှေ့ဆိုင်းထားခဲ့ရသည်။

လွှဲပြောင်း

နိုင်ငံတကာမှ ပျံသန်းလာသော အချို့လေယာဉ်ခရီးစဉ်များကို အခြားလေဆိပ်များသို့ ဆင်းသက်ရန် လွှဲပြောင်း လမ်းညွှန်မှုများ ပြုလုပ်လျက်ရှိသည်။

ကျဆင်း

မြူနှင်းများသည် ဆစ်ဒနီမြို့ အနောက်ပိုင်းနှင့် တောင်ပိုင်းအရပ်ဒေသများ၌ မြေပြင်မှ မီတာ ၂၀၀အထိ သိပ်သည်းစွာ ကျဆင်းလျက်ရှိကြောင်း ဩစတြေးလျအရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ရှန်ယိုမြို့တွင် ရေဘေးဒုက္ခကြုံတွေ့နေရသူများအား ဤသို့ ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်မှု ပြုလုပ်နေသည်ကို ဇူလိုင် ၃၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရန် သဘာဝဓာတ်ငွေ့များ အီရတ်ထံသို့ ပေးရန် အသင့်ရှိနေ

ဘဂ္ဂဒက် ဇူလိုင် ၃၁

အီရတ်ဓာတ်အားပေးစက်ရုံများအတွက် အီရန်မှသဘာဝဓာတ်ငွေ့များ ပေးပို့ရေးနှင့် စပ်လျဉ်း၍ အီရန်နှင့် အီရတ်အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲများ ပြန်လည်ပြုလုပ်နေကြောင်း ဇူလိုင် ၃၀ရက်က အင်တာနက်သတင်း၌ ဖော်ပြပါရှိသည်။

ဆွေးနွေး

ညှို့သည်တော် အီရန်ကိုယ်စားလှယ်အဖွဲ့သည် မိမိတို့ အီရတ်တာဝန်ရှိသူများနှင့် လောလောဆယ် ဆွေးနွေးလျက်ရှိကြောင်း၊ အီရတ် ရေနံဒုတိယဝန်ကြီး ဂျာဗက်အိုဂျီက ပြောကြားလိုက်ပြီး အီရန်က သဘာဝဓာတ်ငွေ့များကို အီရတ်နိုင်ငံအား ပေးရန်အသင့်ရှိကြောင်း အလေးအနက် ထည့်သွင်းပြောကြားသည်။

လာမည့်နှစ်နှစ်အတွင်း အီရတ်၌ လိုအပ်သည့်ဓာတ်ငွေ့များကို အီရန်က ဖြန့်ဖြူးပေးနိုင်မည်ဟု မျှော်မှန်းကြောင်း အီရတ်ရေနံဒုတိယဝန်ကြီးက ပြောကြားသည်။ **(အင်တာနက်)**

လေ့ကျင့်ပျံသန်းရေး ဂျက်တိုက်လေယာဉ်များ အိန္ဒိယသို့ရောင်းချရေး ဗြိတိန်သဘောတူ

လန်ဒန် ဇူလိုင် ၃၁

ဗြိတိန်နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ တန်ဖိုးရှိသော လေ့ကျင့်ပျံသန်းရေး ဂျက်တိုက်လေယာဉ် ၅၇စင်းအား အိန္ဒိယနိုင်ငံ ရေတပ်နှင့် လေတပ်အတွက် ထပ်မံရောင်းချရေးသဘောတူစာချုပ်ကို ဇူလိုင် ၃၀ရက်က နှစ်ဖက်ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့ကြသည်။

ဒေးဗစ်ကင်မရွန်း ဗြိတိန်ဝန်ကြီးချုပ်ဖြစ်လာပြီးနောက် ပထမဆုံးအကြိမ် အိန္ဒိယနိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ် သဘောတူညီခဲ့ခြင်းဖြစ်သည်။

အဆိုပါ သဘောတူညီမှုစာချုပ်သည် အိန္ဒိယနိုင်ငံ ဘန်ဂလိုမြို့တွင် လက်မှတ်ရေးထိုးကြခြင်းဖြစ်ပြီး အိန္ဒိယဟင်ဒက်စ်တန် လေယာဉ်ကုမ္ပဏီနှင့် ဗြိတိန်ကာကွယ်ရေးပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းမှ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးကြခြင်း ဖြစ်သည်။

ဆက်လက်ဖြည့်ဆည်း

၂၀၀၄ခုနှစ်ကလည်း နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးခဲ့သော စာချုပ်အရ ဂျက်တိုက်လေယာဉ် ၆၆စင်း ရောင်းချရန် သဘောတူထားခဲ့သည်။ ယင်းလေယာဉ်များအနက် ပထမအသုတ်အဖြစ် လေယာဉ် ၂၄စင်းကို အိန္ဒိယသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ ကျန်ရှိနေသေးသော လေယာဉ် ၄၂စင်းကို ဆက်လက်ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသွားသည်။ **(အင်တာနက်)**

ဂျပန်လောင်စာဆီတင် သင်္ဘောကြီး ပါရှန်ပင်လယ်ကွေ့၌ ပေါက်ကွဲမှုဖြစ်ပွား

တိုကျို ဇူလိုင် ၃၁

ဂျပန်နိုင်ငံသားတစ်ဦးပိုင်ဆိုင်သော လောင်စာဆီတင်သင်္ဘောကြီးတစ်စင်းသည် အရှေ့အလယ်ပိုင်းဒေသရှိ ပါရှန်ပင်လယ်ကွေ့အတွင်း ဇူလိုင် ၃၀ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)အရာရှိများက ပြောကြားသည်။ (အပေါ်ပုံ)

ပေါက်ကွဲ

ဂျပန်နိုင်ငံ မီဆူအီအိုအက်စ်ကေသင်္ဘောလိုင်းမှ ဂျပန်နိုင်ငံသားတစ်ဦးပိုင်ဆိုင်သည့် အမ်စတားအမည်ရှိ လောင်စာဆီတင်သင်္ဘောကြီးသည် ပါရှန်ပင်လယ်ကွေ့ရှိ ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းစဉ် သင်္ဘောပေါ်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် သင်္ဘောသားများအပါအဝင် ၃၁ဦး ဒဏ်ရာရရှိခဲ့သည်။ ပေါက်ကွဲမှုမှာ တိုက်ခိုက်ခံရခြင်းကြောင့်မဟုတ်ဘဲ မတော်တဆဖြစ်ရပ်ကြောင့် ဖြစ်သည်ဟု ယူအေအီးအရာရှိများက ပြောကြားသည်။

ဂျပန်နိုင်ငံကမူ ၄င်းသင်္ဘောသည် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဂျပန်ပို့ဆောင်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ (အင်တာနက်)

တူရကီပိုင် ကုန်သင်္ဘော ဆိုမာလီဓားပြများ ပြန်လွှတ်

နိုင်ရိုဘီ ဇူလိုင် ၃၁

သင်္ဘောသား ၂၁ဦး လိုက်ပါလာသည့် တူရကီပိုင် ကုန်သင်္ဘောတစ်စင်းကို လေးလကြာ ဖမ်းဆီးထိန်းသိမ်းပြီးနောက် ဆိုမာလီပင်လယ်ဓားပြများက ဇူလိုင် ၃၀ရက် စောစောပိုင်းက ပြန်လွှတ်လိုက်ကြောင်း ဥရောပသမဂ္ဂ(အီးယူ) ရေတပ်အင်အားစုက ကြေညာသည်။

ပြန်ပေးဆွဲ

သင်္ဘောကို ဆိုမာလီကမ်းလွန်ဒေသတွင် ယခုနှစ် မတ် ၂၃ရက်က ပင်လယ်ဓားပြများက ဖမ်းဆီးပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။ အစ္စရေးနိုင်ငံမှ ဓာတ်မြေဩဇာများကို တင်ဆောင်ပြီး ထိုင်းနိုင်ငံသို့အသွားတွင် ပင်လယ်ဓားပြများက ဖမ်းဆီးပြန်ပေးဆွဲခဲ့သည်။

ကောင်းမွန်

မော်လတာနိုင်ငံ အလံလွှင့်ထူထားသည့် တူရကီပိုင်သင်္ဘောပေါ်တွင် တူရကီမာလိန်မှူး၊ တူရကီသင်္ဘောသား ၁၉ဦးနှင့် ယူကရိန်း သင်္ဘောသားနှစ်ဦး လိုက်ပါလာသည်။ ယခုအခါ ၄င်းတို့၏ ကျန်းမာရေးမှာ ပုံမှန်ကောင်းမွန်လျက်ရှိသည်ဟု ဆို၏။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်၌ ရေလွှမ်း၊ လူပေါင်း ၄၀ကျော်သေဆုံး

ကဘူးလ် ဇူလိုင် ၃၁

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း လောင်မန့်ပြည်နယ်နှင့် ကပ်ဆာပြည်နယ်တို့၌ ဇူလိုင် ၂၉ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားရာ လူပေါင်း ၄၀ကျော် သေဆုံးပြီး ၁၅ဦး ဒဏ်ရာရရှိကာ ရာပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်ဟု ပြည်နယ်မီဒီယာက သတင်းထုတ်ပြန်သည်။

ပျက်စီး

သေဆုံးသူများတွင် အမျိုးသမီးများနှင့် ကလေးငယ်များပါဝင်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။ ယင်းသဘာဝဘေးဒဏ်ကြောင့် ရာချီသော လယ်မြေဧကများနှင့် အိမ်ခြေများစွာ ပျက်စီးခဲ့ရသည်။ **(အင်တာနက်)**



ကယ်လီဖိုးနီးယားပြည်နယ် ရစ်မွန်မြို့၌ နေစွမ်းအင်ကို ဤသို့ ကျယ်ပြန့်စွာ အသုံးပြုထားသည်ကို ဇူလိုင် ၃၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကရာချီလေဆိပ်၌ လေယာဉ်တစ်စင်း ငှက်တစ်ကောင်နှင့် တိုက်မိပြီး မီးလောင်

အစ္စလမ္မာဘတ် ဇူလိုင် ၃၁

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချီလေဆိပ်၌ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ငှက်တစ်ကောင်နှင့် တိုက်မိပြီး အင်ဂျင်မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း လေဆိပ်အရာရှိများက ဇူလိုင် ၃၀ရက်၌ ပြောကြားသည်။

မီးလောင်

ပါကစ္စတန်နိုင်ငံမှ ပီအိုင်အေလေကြောင်းလိုင်းပိုင် ပီကေ-၇၄၇ အမျိုးအစား ခရီးသည်တင်လေယာဉ်သည် ကရာချီမြို့လေဆိပ်မှ ဇူလိုင် ၃၀ရက် နံနက်က ပျံတက်ရန် လေယာဉ်ပြေးလမ်းပေါ်အရှိန်ယူနေစဉ် ငှက်တစ်ကောင်နှင့်တိုက်မိပြီး အင်ဂျင်မှ မီးခိုးများ ထွက်လာကာ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘေးကင်း

လေဆိပ်လုံခြုံရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များ အမြန်ရောက်ရှိလာပြီး ခရီးသည်များအား လေယာဉ်ပေါ်မှ ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့သဖြင့် ခရီးသည်တစ်ဦးမျှ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။ (အင်တာနက်)



အာတိတ် သမုဒ္ဒရာ ရေခဲပြင်အောက်တွင် ဝေလငါးအဖြူ များအား လေ့လာမှု ပြုလုပ်နေသော သုတေသီ ရေငုပ်သမားတစ်ဦးကို ဇူလိုင် ၃၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

လာမည့်ဘောလုံးရာသီ၌ မန်ယူအားထားရမည့်သူများ

စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင်

လန်ဒန် ဇူလိုင် ၃၁

၂၀၁၀-၂၀၁၁ ပရီမီယာလိဂ် ဘောလုံးရာသီ ဩဂုတ် ၁၄ရက်၌ စတင်တော့မည်ဖြစ်သည်။ ပရီမီယာလိဂ်ပြိုင်ပွဲဝင်အသင်း ၂၀လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ဖလားလက်လွတ်ဆုံးရှုံးခဲ့ရသည့် မန်ယူအသင်းလည်း ကစားသမားအသစ်ခေါ်ယူရေး စီစဉ်နေသော်လည်း ယခုနှစ်ဘောလုံးရာသီ၌ မန်ယူ၏ အဓိကအားထားရမည့် ကစားသမားအချို့ ဖြင့်သာ ပွဲထွက်လာဖွယ်ရှိသည်။ ဖာဂူဆန်၏ အဓိကအမာခံ ပွဲထွက်ကစားသမားအချို့မှာ -



ဝိန်းရွန်နေ

လာမည့် အောက်တိုဘာ ၂၄ ရက်၌ အသက် ၂၅နှစ် ပြည့်မည်ဖြစ်သည်။ မန်ယူတိုက်စစ်ကို ဦးဆောင်ကစားမည် ဖြစ်ပြီး မန်ယူအသင်းအောင်မြင်မှုရရှိရေးအတွက် အဓိကကျ သည့် တိုက်စစ်မှူးဖြစ်သည်။ မန်ယူအတွက်ပွဲပေါင်း ၃၁၂ပွဲ ကစားပေးထားပြီး ဂိုးပေါင်း ၁၃၁ဂိုး သွင်းယူပေးထားနိုင် သူဖြစ်သည်။ မန်ယူ၌ အဝါကတ် စုစုပေါင်း ၅၈ကြိမ် အပြခံ ထားရသူဖြစ်ပြီး အနီကတ်နှစ်ကြိမ် ထိထားသူဖြစ်သည်။ ဖာဂူဆန်က ရွန်နေကို မန်ယူအတွက် အဓိက ဦးစားပေးပွဲထွက် ကစားသမားအဖြစ် သတ်မှတ်ကစားစေမည်ဖြစ်သည်။



ဒီမီယာဘာဘာတော့ဗ်

ဘူလ်ဂေးရီးယားနိုင်ငံသားဖြစ်ပြီး ပြီးခဲ့သည့် ဇန်နဝါရီ ၃၀ ရက်က အသက် ၂၉ နှစ်ပြည့်ခဲ့သူဖြစ်သည်။ မန်ယူတိုက်စစ်ကို ရွန်နေနှင့်အတူ ပူးတွဲတာဝန်ယူမည်ဖြစ်သည်။

အဝါကတ်

မန်ယူအတွက် စုစုပေါင်း ၁၀၈ ပွဲကစားပေးထားပြီး စုစု ပေါင်း ၂၆ဂိုး သွင်းယူပေးထားသူဖြစ်သည်။ အဝါကတ် ငါးကြိမ် အပြခံထားရသူဖြစ်ပြီး ယခုနှစ်တွင် မန်ယူတိုက်စစ်၌ တာဝန်ယူ ကစားမည်ဖြစ်သည်။



ဒါရင်ဖလက်ချာ

စကော့တလန်လူမျိုး ဖလက်ချာမှာ ဖေဖော်ဝါရီ ၁ရက် က အသက် ၂၆ နှစ်ပြည့်ခဲ့သူဖြစ်သည်။ မန်ယူကွင်းလယ် ကစားသမားဖြစ်ပြီး မန်ယူအတွက် ပွဲပေါင်း ၂၅၅ပွဲ ကစားပေး ခဲ့ပြီးသူဖြစ်သည်။ မန်ယူအတွက် စုစုပေါင်း ၁၈ဂိုး သွင်းယူ ပေးထားနိုင်သူဖြစ်ပြီး အဝါကတ် ၂၁ကြိမ်နှင့် အနီကတ် လေး ကြိမ် အပြခံထားရသူဖြစ်သည်။ လာမည့်ဘောလုံးရာသီ၌ မန်ယူကွင်းလယ်အတွက် ဦးစားပေး ပွဲထွက်ကစားသမားအဖြစ် ဖာဂူဆန်က တာဝန်ပေးမည်ဖြစ်သည်။



ဗန်ဒါးဆား

လာမည့်အောက်တိုဘာ ၂၉ရက်တွင် အသက် ၄၀ပြည့် တော့မည့် ဝါရင့်ဂိုးသမားဖြစ်သည်။ ဒတ်ချ်နိုင်ငံသား ဗန်ဒါး ဆားမှာ မန်ယူအတွက် ယခုနှစ်ဘောလုံးရာသီ၌လည်း ပထမ ဦးစားပေး ပွဲထွက်ဂိုးသမားပင်ဖြစ်သည်။

မန်ယူအတွက်ပွဲပေါင်း ၂၂၀ကစားပေးခဲ့ပြီး စုစုပေါင်း အဝါကတ် ၁၂ကြိမ် အပြခံခဲ့ရသည်။ သေချာမှု၊ တိကျမှုနှင့် ဆုံးဖြတ်ချက်မှန်ကန်မှုတို့ကြောင့် မန်ယူဂိုးပေါက်ကို ဦးဆောင် ကာကွယ်မည့်သူဖြစ်သည်။



နီမင်ဒါဗီဒစ်

ယခုနှစ်ဘောလုံးရာသီ၌ မန်ယူခံစစ်ကြောင်းကို ဦးဆောင်ကာကွယ်မည့်သူဖြစ်သည်။ လာမည့် အောက်တိုဘာ ၂၁ ရက်တွင် အသက် ၂၉နှစ်ပြည့်ပြီဖြစ်သည်။ ဆားဗီးယား နိုင်ငံသား ဗီဒစ်ကို ဖာဂူဆန်က အသင်းခေါင်းဆောင် တာဝန် ပေးရန် စီစဉ်နေသည်။ မန်ယူအတွက် ပွဲပေါင်း ၁၈၆ပွဲ ကစား ပေးခဲ့ပြီးသူဖြစ်ပြီး ၁၃ဂိုး သွင်းယူပေးထားနိုင်သည်။ မန်ယူ ပွဲစဉ်များကစားခဲ့ရာတွင် အဝါကတ် ၄၁ကြိမ်၊ အနီကတ် လေးကြိမ် အပြခံထားရသည့် မှတ်တမ်းရှိသည်။ ယခုနှစ် ဘောလုံးရာသီ၌မန်ယူ၏ အဓိကပွဲထွက်ကစားသမားဖြစ်သည်။

ပက်ထရစ်အီဗရာ

ပြင်သစ်နိုင်ငံသား နောက်ခံဘယ်အစွန် ကစားသမားဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီ၌လည်း မန်ယူ၏ ဦးစားပေးပွဲထွက် ကစားသမားပင်ဖြစ်သည်။ ပြီးခဲ့သည့် မေ ၁၅ ရက်က အသက် ၂၉ နှစ်ပြည့်ခဲ့သည်။ မန်ယူအတွက်ပွဲပေါင်း ၁၉၇ ပွဲ ကစားပေး ခဲ့ပြီး နှစ်ဂိုးသွင်းယူပေးထားသည်။

မန်ယူအသင်းအတွက် ဘောလုံးပွဲများကစားခဲ့ရာတွင် စုစုပေါင်း အဝါကတ် ၃၀ အပြခံခဲ့ရသည်။ ဖာဂူဆန်အားကိုးရသည့် ကစားသမားတစ်ဦးဖြစ်သည်။ **ကိုးကား-အင်တာနက်**

စီရိုနယ်ဒိုနှင့် ခဏတာ

အာကာဟိန်း - ရေးသားသည်

မက်ဒရစ် ဇူလိုင် ၃၁

ရီးရဲမက်ဒရစ် တောင်ပံကစား သမား စီရိုနယ်ဒိုက မိမိသည် ရာအူးလ် ဝတ်ဆင်ကစားခဲ့သော နံပါတ် -၇ ဂျာစီ အကျႌကို ဝတ်ဆင်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ စီရို နယ်ဒိုသည် ရီးရဲမက်ဒရစ်၌ ယခင်က နံပါတ်-၉ဂျာစီအကျႌကို ဝတ်ဆင်ကစား ခဲ့ရာ စိတ်တိုင်းမကျဖြစ်ခဲ့ရသည်။

စီရိုနယ်ဒို၏ လက်ရှိအခြေအနေနှင့် ပတ်သက်ပြီး သတင်းထောက်များ၏ မေးမြန်းမှုကို ဖြေကြားခဲ့ရာတွင် -

မေး - နံပါတ်-၇ဂျာစီအကျႌကို ဘာ ဖြစ်လို့ ဝတ်ချင်တဲ့ဆန္ဒ ဖြစ်ရပါသလဲ။

ဖြေ - ကျွန်တော်က နံပါတ်-၇ ကို သဘောအကျဆုံးပါပဲ။ မန်ယူကစားသမား ဘဝမှာ ဖာဂူဆန်က ကျွန်တော့်ကို အဲဒီ နံပါတ်တပ် ဂျာစီအကျႌကို ဝတ်ဆင်စေခဲ့ တာပါ။ နောက်ပြီး ကျွန်တော့်ဘဝရဲ့ အောင်မြင်မှု၊ အမှတ်တရဖြစ်မှုတွေဟာ နံပါတ်-၇နဲ့ ဆက်စပ်မှုရှိနေပါတယ်။

မေး - နည်းပြက ဒီအကျႌကိုဝတ် ဆင်ခွင့်ပြုမှာလား။

ဖြေ - နည်းပြမော်ရင်ဟိုက အောင် မြင်မှုကို မွတ်သိပ်သူတစ်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအကျႌဝတ်ဆင်လိုက်ရင် လက်ရှိထက်ပိုပြီး စွမ်းဆောင်မှုတွေ၊ အောင် မြင်မှုစိတ်ဓာတ်တွေရရှိမှာမို့ ခွင့်ပြုလိမ့် မယ်လို့ ထင်ပါတယ်။

မေး - လာမယ့် ဘောလုံးရာသီ အတွက် အသင့်ဖြစ်နေပြီလား။

ဖြေ - ကြံ့ခိုင်မှုအပြည့်နဲ့ အသင့်ဖြစ် နေပါပြီ။ ကမ္ဘာ့ဖလားပွဲမှာ ခြေစွမ်းမပြ နိုင်ခဲ့တာဟာ အခု လာလီဂါမှာတော့ ချေဖျက်နိုင်မှာပါ။ ကျွန်တော့်အနေနဲ့ ရီးရဲ မက်ဒရစ်အသင်းအတွက် ဘာမှမစွမ်း ဆောင်ပေးနိုင်သေးတာမို့ အခုလာမယ့် ရာသီမှာတော့ လာလီဂါဖလားရအောင် စွမ်းဆောင်ပေးနိုင်ဖို့လည်း ဆုံးဖြတ်ထား ပါတယ်။

မေး - နည်းပြ မော်ရင်ဟိုကို ဘယ်လိုမြင်ပါသလဲ။

ဖြေ - ထူးချွန်တဲ့ နည်းပြတစ်ဦး ပါပဲ။ ကစားသမား တစ်ဦးချင်းရဲ့ စွမ်းရည်ကို သိသူဖြစ်ပါတယ်။ လေ့ကျင့် မှုစနစ် ကောင်းတဲ့အပြင် ပြိုင်ဘက် အသင်းကို ဘယ်လို အနိုင်ယူရမလဲ ဆိုတာ ရှင်းရှင်းလင်းလင်း သိတဲ့နည်းပြ ဖြစ်ပါတယ်။

မေး - နည်းပြနဲ့ ဆက်ဆံရေး အပိုင်းကိုလည်း ဖြေပါဦး။

ဖြေ - အခုအချိန်အထိ ထွေထွေ ထူးထူးမရှိပါဘူး။ ကစားသမား အားလုံးနဲ့ ဆက်ဆံရေးကောင်းမွန်တဲ့ အနေအထားရှိနေပါတယ်။ ရီးရဲမက် ဒရစ်အသင်း အောင်မြင်ဖို့အတွက် အားလုံးစုစည်းညီညွတ်မှ ရမယ်ဆိုတာ ကတော့ အမြဲပြောတတ်တဲ့ စကားပါပဲ။ နည်းပြနဲ့ ကစားသမားတွေ ဆက်ဆံရေး အခက်အခဲ အဖုအထစ် မရှိပါဘူး။

မေး -ဒီနှစ် လာလီဂါမှာ ဘာ မျှော်လင့်ချက်တွေ ထားနေလဲ။

ဖြေ - ရီးရဲမက်ဒရစ်ကို လာလီဂါ ဖလား ရယူပေးချင်တယ်။ ပြီးတော့ ကျွန်တော်ကိုယ်တိုင်လည်း ဂိုးအများဆုံး သွင်းယူနိုင်အောင် ကြိုးစားသွားမယ် ဟု စီရိုနယ်ဒိုက ဖြေကြားသွား ပါကြောင်း။ ။ **(အင်တာနက်)**

ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

မူရက်ကို ကလဲဗားလီး အနိုင်ထိုးသတ်မည်ဟုဆို

ဥရောပလိုက်ဟဲဗီးဝိတ်ချန်ပီယံ နသန်ကလဲဗားလီးက လာမည့် စက်တင်ဘာ ၁၈ရက်တွင် ဗြိတိန်နိုင်ငံ ဘာမင်ဂမ်မြို့ အယ်လ်ဂျီ အားကစားခန်းမ၌ ယှဉ်ပြိုင်ထိုးသတ်မည့် ဒဗလျူဘီအို လက်ဝှေ့ပြိုင်ပွဲတွင် ပြိုင်ဘက်လက်ဝှေ့သမား ကာရီမူရက်အား အနိုင်ထိုးသတ်မည်ဟု ကတိပြု ပြောကြားလိုက်သည်။

ပွဲထွက်မည့် စပါးအသင်းတွင် ဝုဒ်ဂိတ်မပါဝင်

စပါးနည်းပြ ဟာရီရက်နက်က ပေါင်ခြံဒဏ်ရာရနေသော ဂျိုနသန်ဝုဒ်ဂိတ်အား ယခုလာမည့်ဘောလုံးရာသီပွဲထွက် ၂၅ဦး အသင်းတွင် ထည့်သွင်းရွေးချယ်ထားခြင်းမရှိကြောင်း ဖွင့်ဟပြောကြားသည်။

ပီထရို့ဗ်အား ခေါ်ယူရန် ရှိုင်ဟော့ဂ်ဆန်ပြင်ဆင်

ယခုသီတင်းပတ်စောစောပိုင်းက လီဗာပူးအသင်းမှ အာဂျင်တီးနားကွင်းလယ်ကစားသမား မာရှေယာနိုက အသင်းမှ ထွက်ခွာလိုသည်ဟု ဖွင့်ဟပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် ၎င်းနေရာတွင် အစားထိုးရန် လီဗာပူးနည်းပြ ရှိုင်ဟော့ဂ်ဆန်က အက်စ်တွန်ဗီလာအသင်းမှ အသက် ၃၀အရွယ်ရှိ ဘူလ်ဂေးရီယားကွင်းလယ်ကစားသမား စတီလီယန်ပီထရို့ဗ်အား ပေါင် ခုနစ်သန်းဖြင့် ကမ်းလှမ်းခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

ရာမီရက်စ်အား ချယ်လ်ဆီးက စာချုပ်ဖွယ်

ချယ်လ်ဆီးအသင်းသည် ဘင်ဖီကာကွင်းလယ်ကစားသမား ရာမီရက်စ်အား ပေါင် ၁၇သန်းဖြင့် စာချုပ်ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

ဂါရီဒိုအား လာဇီယိုခေါ်ယူရေးနီးစပ်

မန်စီးတီးအသင်းမှ အသက် ၂၅နှစ်အရွယ်ရှိ ဘယ်ခံစစ်မှူး ဂျာဗီယာဂါရီဒိုအား စီးရီးအေအသင်း လာဇီယိုက ပေါင် နှစ်သန်းခွဲဖြင့် စာချုပ်ခေါ်ယူရေး နီးစပ်နေပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

မာချက်တီအား အာဆင်နယ်စာချုပ်ရေးနီးစပ်

အာဆင်နယ်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အီတလီအသင်းနှင့်အတူ တောင်အာဖရိကကမ္ဘာ့ဖလားပြိုင်ပွဲ ဆင်နွှဲခဲ့သော ဂိုးသမားဖီဒီရီကိုမာချက်တီအား စာချုပ်ခေါ်ယူရေး နီးစပ်နေပြီဖြစ်ကြောင်း၊ ၎င်းသည် စီးရီးအေအသင်း ကာဂလီယာရီတွင် ကစားနေသူဖြစ်ပြီး ပြောင်းရွှေ့ကြေး ပေါင်ငါးသန်းဝန်းကျင် ပေးရဖွယ်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဆွာဇ်ဇီအား ကမ်းလှမ်းခေါ်ယူရန် ဝီဂန်ပြင်ဆင်

ဝီဂန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ချီလီအသင်း တိုက်စစ်မှူးဖြစ်သူ အသက် ၂၉နှစ်အရွယ်ရှိ ဟမ်ဘာတိုဆွာဇ်ဇီအား အသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်ခုနစ်သန်းဖြင့် ကမ်းလှမ်းခေါ်ယူရန် ပြင်ဆင်နေကြောင်း၊ မွန်တာရေးအသင်းတွင် ကစားနေသော ၎င်းအား ဘာမင်ဂမ်နှင့် ဆန်းဒါးလန်းတို့ကလည်း ခေါ်ယူရန် မျက်စိကျနေကြောင်း သိရသည်။

ကာဗယ်လ်ဟိုအား မော်ရင်ဟိုခေါ်ယူလို

ချယ်လ်ဆီးအသင်းနှင့် ပေါ်တူဂီလက်ရွေးစင်အသင်းမှ အသက် ၃၂နှစ်ရှိ ဗဟိုခံစစ်မှူး ကာဗယ်လ်ဟိုအား ရီးရဲမက်ဒရစ်နည်းပြ ဂျို့စ်မော်ရင်ဟိုက စာချုပ်ခေါ်ယူလိုကြောင်း သိရသည်။ ။ **(အင်တာနက်)**

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဈ/၄၈၆၆ဝီလီ11"ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွန်းနိုင် ၁၄/မအပ (နိုင်) ၁၈၆၀၉၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)၊
မအူပင်မြို့။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၇၉၀၁၀ ယာဉ်လက်ဝယ်ရှိသူ ဦးထန်ကျုံး ၄/ဟခန (နိုင်) ၀၀၄၃၇၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊
ကလေးမြို့။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၈၃၁၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီကျော် ၅/ကလထ (နိုင်) ၀၀၀၉၂၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊
ကလေးမြို့။

ဗလငါးတန်

ဖွံ့ဖြိုးဖို့

စာအုပ်စာပေ

လေ့လာစို့

[illegible]

[illegible]

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ လူနေရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်(၅၂+၅၃)၊ ဧရိယာ ၀ ဒသမ ၁၃၅ဧကနှင့် မြေကွက်အမှတ်၅၄၊ ဧရိယာ ၀ဒသမ ၀၉၀ဧကရှိ နှစ်၆၀ဂရန်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပြီး လက်ရှိနေထိုင်စီမံရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော (၁)ဒေါ်အေးအေးနွယ် ၁၂/သကတ(နိုင်)၁၂၂၁၇ (၂)ဦးတင်လှ ၁၂/သကတ(နိုင်)၁၂၂၁၆တို့ထံမှ ကျွန်ုပ်မိတ်ဆွေများကအပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်မွန်မွန်ချို(LL.B)
အထက်တန်းရှေ့နေ
အမှတ်၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃။

တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး

၂၀၁၀ခုနှစ် တရားမကြီးအမှုအမှတ်-၅၅

ဒေါ်ခင်အေးမူ(ခ)ဒေါ်မူမူဟန် **နှင့်** ဦးတင့်လွင်

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ ဗဟိုလမ်း၊ အမှတ်(၁/၂/၃၇၆)နေ ဦးတင့်လွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၀ခုနှစ် ဩဂုတ် ၂၇ရက် (၁၃၇၂ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသည့် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၀ခုနှစ် ဇူလိုင် ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

လင်းအောင်သူ (တ/၂၆၅၆)
ဒုတိယမြို့နယ်တရားသူကြီး(၂)။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-အပိုင်း(၄)၊ မြေကွက်အမှတ်(၁၅၃)၊ ဧရိယာ၁ ဒသမ ၀၀၃ဧကရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဂိုဒေါင်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်များအား ရန်ကုန်မြို့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်ပြီး လက်ရှိပိုင်ဆိုင်စီမံရောင်းချပိုင်ခွင့်ရှိသူ ဦးဟန်ရှိန် ၁၂/ဥကမ(နိုင်) ၀၂၂၁၄၃ထံမှ ကျွန်ုပ်မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက် နိုင်ပါသည်။

သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်း အဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်မွန်မွန်ချို(LL.B)
အထက်တန်းရှေ့နေ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃။

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး နေပြည်တော် တပ်ကုန်း၌ ဟောပြော

နေပြည်တော် ဇူလိုင် ၃၁

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ပလိပ်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နေပြည်တော် တပ်ကုန်းမြို့နယ် အောင်ဇေယျရပ်ကွက် မီးသတ်စခန်း၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်က အမှာစကားပြောကြားပြီး ကျန်းမာရေးဆရာမ ဒေါ်သင်းသင်းလှိုင် **(အောက်ပုံ)**က ကူးစက်ကြောင့် ဖြစ်ပွားသောရောဂါများ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ၎က်ဖျားရောဂါ တိုက်ဖျက်ရေးဌာနမှ ၎က်ဖျားကြီးကြပ် ဦးအောင်စိုးမြင့်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအသိပညာပေး ဟောပြောကြသည်။

ကွင်းဆင်းဆောင်ရွက်

ထို့နောက် ကျန်းမာရေးအဖွဲ့သည် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို နေအိမ်များတွင် ကွင်းဆင်းဆောင်ရွက်ကြသည်။ **(၀၉၁)**

ကလောမြို့နယ်၌ စပေါင်းသစ်ပင်စိုက်ပျိုး

ကလော ဇူလိုင် ၂၈

ကလောမြို့နယ် ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၈ရက် နံနက် ၈နာရီက အောင်ပန်းကျေးရွာအုပ်စု ငါးကြောင်အိုင် ရေထွက်ဝန်းကျင်နှင့် ရေဝေကုန်းကြော၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းရွက်ဆိုင်နှင့် သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးလက်ပြည်သူ အင်အားစုစုပေါင်း ၅၂၀ တက်ရောက်ကြသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် တာဝန်ရှိသူများက အခမ်းအနားတက်ရောက်လာသူများအား စိုက်ပျိုးမည့် ပျိုးပင်များကိုဝေငှပေး၍**(အောက်ပုံ)** မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိက သစ်တစ်ပင်စိုက် တစ်ပင်ရှင်သန်အောင် စနစ်တကျ စိုက်ပျိုးနည်းကို လက်တွေ့သရုပ်ပြ စိုက်ပျိုးပြသခဲ့ပြီး တက်ရောက်လာသူများက ချယ်ရီ၊ ရေသင်းဝင်၊ ပင်စိမ်း စုစုပေါင်း အပင် ၁၈၀၀ကို စိုက်ပျိုးကြသည်။**(၁၈၉)**

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းအလှူပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၁

ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)၏ (၁၃)ကြိမ်မြောက် စုပေါင်းအလှူပွဲကို ဩဂုတ် ၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အမှတ်(၂၀/၄၃-စီ) ကြားတောရလမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ဗဟန်းမြို့နယ်ရှိ ရောဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားသို့ အသင်းဝင်များ၊ မြို့နယ်သူမြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးလှမြင့် ဖုန်း-၆၄၁၄၃၅၊ ဒုတိယ ဥက္ကဋ္ဌ ဦးအေးကျော် ဖုန်း-၀၉-၅၁၁၄၁၂၅၊ အတွင်းရေးမှူး ဦးစိုးဝင်း ဖုန်း-၇၃၀-၃၇၄၉၆၊ ဘဏ္ဍာရေးမှူး ဦးစံမြိုင် ဖုန်း-၇၃၀-၃၁၇၆၈၊ အသင်းတိုက် ဖုန်း-၃၈၀၁၀၆နှင့် အမှုဆောင်များသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(မြန်မာ့အလင်း)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ပိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့သို့ရောက်ရှိ

နေပြည်တော် ဇူလိုင် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတမစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလှည့်လည်ရန် အဖွဲ့ဝင်များ လိုက်ပါလျက် ဇူလိုင် ၂၅ရက် နံနက် ၉နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ အိန္ဒိယသမ္မတနိုင်ငံသို့ ထွက်ခွာခဲ့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr. Villur Sundararajan Seshadri နှင့် ဇနီး၊ Superintendent of Police Mr. Daljeet Singh၊ District Magistrate Mr. Udai Kumar တို့က အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့ ဂယာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)